# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၇၃)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် ၊ ၇-၉-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"သို့ တက်ရောက်၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် စက်တင်ဘာ ၆

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"ကို ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Melia Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ

စာမျက်နှာ ၃ သို့★




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"တွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။


**ယနေ့ ဖတ်စရာ အညွှန်း**

တွဲလက်ညီညီအောင်ပွဲဆီသို့ တက်လှမ်းလို့ပင် မြန်မာ-ဗီယက်နမ်ခရီးစဉ် (ဆောင်းပါး)

စာမျက်နှာ ၇

ရိုးမားအသင်းက အတ္တလန်တာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

စာမျက်နှာ ၁၁

ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်နှင့် ဘာသန္တရ(ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ အိပ်ပွဲကျမှုဖြစ်ပွားခဲ့သည်။

စာမျက်နှာ ၅ သို့ ○

## မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၆

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊

စာမျက်နှာ ၆ သို့ ❖

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၇ ရက် ၊ တနင်္လာနေ့။

မန္တလေး

## ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံ၊ ကဏ္ဍစုံ ပူးပေါင်းမှုများတိုးမြှင့် ဆောင်ရွက်လျက်ရှိ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာတိုလန်းနှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမစ္စတာ တိုလန်းနှင့်ဇနီးတို့က အမျိုးသားလွှတ်တော် (National Assembly Building) ရှေ့ရင်ပြင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

မြန်မာနှင့် ဗီယက်နမ်တို့အကြား သံတမန်ဆက်ဆံမှုသက်တမ်းအနေဖြင့် နှစ်(၅၀)ပြည့် ရွှေရတုတိုင်ခဲ့ပြီးဖြစ်ကာ ထိုကဲ့သို့ရှည်လျားသည့် သံတမန်ဆက်ဆံရေးကာလအတွင်း နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၌ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင်ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများအဆက်ဆက်ပျိုးထောင်ခဲ့ကြသည့် ချစ်ကြည်ရင်းနှီးမှုများနှင့် ကောင်းမွန်သည့်သမိုင်းဝင်ဆက်ဆံရေးများ ရှိခဲ့ကြသည်။

မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဆွေကောင်းဆက်ဆံရေးသည် တစ်သမတ်တည်း တည်တံ့ခိုင်မြဲခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး (Comprehen-sive Cooperative Partnership) ကို တည်ထောင်နိုင်ခဲ့သည်။

မြန်မာ-ဗီယက်နမ် နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် နှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဗီယက်နမ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပါအဝင် အဆွေတော်တို့နှင့် ဘက်ပေါင်းစုံမှ အပြန်အလှန် လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားလိုကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့ကို ပေါင်းကူးဆက်သွယ်ပေးနိုင်သည့် အရေးပါသည့် ပထဝီအနေအထားတွင် တည်ရှိကြောင်း၊ အာရှအဝေးပြေး လမ်းမကြီးကွန်ရက်နှင့် အရှေ့-အနောက် စီးပွားရေးစင်္ကြံတို့ကို ထိရောက်စွာ အသုံးချပြီး တည်ငြိမ်လုံခြုံသည့် ဆက်သွယ်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရေး ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ အထူးသဖြင့် မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် အရှေ့-အနောက်စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေးလမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် သုံးနိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လိုကြောင်း၊ မြန်မာ-လာအို-ဗီယက်နမ်၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ်စသည့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံနှင့် ချိတ်ဆက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်သွယ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိပြီး အဆိုပါလမ်းနှင့် ချိတ်ဆက်၍ ဗီယက်နမ်နိုင်ငံမှ လာအိုနှင့် မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယအပါအဝင် တောင်အာရှနှင့် အနောက်ဘက်ဈေးကွက်များသို့ ဝင်ရောက်နိုင်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း လာအိုနှင့် ဗီယက်နမ်မှတစ်ဆင့် အရှေ့အာရှဈေးကွက်များသို့ လွယ်ကူစွာ ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စားသောက်ကုန်အရည်အသွေးနှင့် ဘေးကင်းရေးမြှင့်တင်ရန် စက်၊ထုတ်ပိုးမှုနှင့် ဓါတ်ခွဲစစ်ဆေးရေးနည်းများမျှဝေ

**မန္တလေး စက်တင်ဘာ ၆**

စားသောက်ကုန်အရည်အသွေးနှင့် ဘေးကင်းရေးမြှင့်တင်ရန်အတွက် စက်၊ ထုတ်ပိုးမှုနှင့် ဓါတ်ခွဲစစ်ဆေးရေးပေါင်းစပ်ဖြေရှင်းနည်းများမျှဝေခြင်း အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ၊ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးမှ အစားအသောက်များ ဘေးကင်းရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ပညာရှင်ဒေါက်တာသီတာဝင်းက စားသောက်ကုန်လုပ်ငန်းများနှင့် ကိုက်ညီသည့် စက်ပစ္စည်းများကို စနစ်တကျရွေးချယ်နည်းနှင့် နိုင်ငံတကာအဆင့်မီထုတ်ပိုးမှု စနစ်များ၏ လို့ဝှက်ချက်များကိုလည်းကောင်း၊ Biotechnology ပညာရှင်ဒေါ်ဝင်းပြည့်ပြည့်အောင်က လက်ရှိလုပ်ငန်းများတွင် လစ်ဟင်းနေတတ်သော ဘေးကင်း လုံခြုံရေးအချက်အလက်များကိုပြန်လည်ဆန်းစစ်ခြင်းဆိုင်ရာများကိုလည်းကောင်း ဟောပြောပြီး FoodTesting Laboratory အခန်းကဏ္ဍကို Live Dema ဖြင့်လက်တွေ့ ပြသသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ အသင်းဝင်များ တက်ရောက်ခဲ့ကြသည်။

**(မောင်ပြည်သူ)မန္တလေး**

## ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းအမှုဆောင်အစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၆**

ချမ်းအေးသာစံမြို့နယ်၊ စာရေးဆရာအသင်းအမှုဆောင်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက၊ ၃၅ လမ်း နှင့် ၆၅ လမ်း၊ ၆၆ လမ်းကြားတွင် ကျင်းပခဲ့သည်။၊ အဆိုပါ အစည်းဝေးသို့အတွင်းရေးမှူး ဘဏ္ဍာရေးမှူးနှင့်အမှုဆောင်များ တက်ရောက်ကြပြီး ဦးစွာအတွင်းရေးမှူး ဆရာစိုင်းအောင်မိန်း(မိုးတိုင်း)က အသင်းရန်ပုံငွေကိစ္စ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ရန်ကုန်မြို့၏ သက်ကြီးစာပေပညာရှင်ကန်တော့ရန်ကိစ္စ၊ အဖွဲ့ဝင်အသစ်ကိစ္စစသည့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းဆောင်တာအဝဝကိုတင်ပြခဲ့သည်။ ထို့နောက်တက်ရောက်လာကြသူများက ကျင်းပမြဲဖြစ်သော ၈၉ လမ်းနှင့် လမ်း ၉၀ ကြား၊ ၃၅လမ်းရှိ ချမ်းအေးသာစံမြို့နယ်ပြန်ကြားရေးနှင့်၊ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စက်တင်ဘာ ၂၅ ရက်နေ့ နံနက် ၁၀ နာရီ မှ ၁၂ နာရီအထိ လစဉ်နောက်ဆုံး သောကြာနေ့(၁၁)ကြိမ်မြောက်စာပေဝိုင်းသို့ အသင်းဥက္ကဋ္ဌ၊ အမှုဆောင်များ၊ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရေးနှင့်ပတ်သက်၍တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(တင်မောင်-မန္တလေး)**

## ကျေးလက်ဝတ္ထုတိုများစာအုပ် မိတ်ဆက်ပွဲကျင်းပ

**ချမ်းမြသာစည် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာရေးဆရာများအသင်း(ချမ်းမြသာစည်မြို့နယ်)တို့ ပူးပေါင်းကာ စာရေးဆရာစိုင်းမြတ်သူ-ရွှေဘို(စာပေစေတမန်)ရေးသားသော "သခွတ်ပန်းတို့ ပွင့်ရာမြေ" ကျေးလက်ဝတ္ထုတိုများစာအုပ် မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန(community centre) ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ချမ်းမြသာစည်မြို့နယ်စာရေးဆရာများအသင်းအတွင်းရေးမှူး စာရေးဆရာ လွတ်လပ်ငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက မှဒိတာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာရေးဆရာများအသင်း မန္တလေးမြို့နယ်ပေါင်းစုံမှ စာရေးဆရာများက စာရေးဆရာစိုင်းမြတ်သူ-ရွှေဘို(စာပေ စေတမန်) ရေးသားထုတ်ဝေသည့် "သခွတ်ပန်းတို့ပွင့်ရာမြေ" ကျေးလက်ဝတ္ထုတိုများစာအုပ်နှင့် ပက်သက်၍ မှဒိတာအားပေးစကားပြောကြားကြသည်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း ချမ်းမြသာစည်မြို့နယ် စာရေးဆရာများအသင်းဥက္ကဋ္ဌ ဆရာမင်းဇော်လူ၊ အတွင်းရေးမှူး ဆရာလွတ်လပ်ငြိမ်းနှင့် မြို့နယ်စာရေးဆရာများ၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်နှင့် မြို့နယ်ပေါင်းစုံမှ စာရေးဆရာများအသင်းဥက္ကဋ္ဌနှင့် စာရေးဆရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝ၆၉)

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

★ ရှေ့ဖုံးမှ

နှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"သို့ တက်ရောက်စဉ်။

ထို့နောက် **"မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"**ကို အခမ်းအနားအစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang က စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ယခုစီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ နှစ်နိုင်ငံအစိုးရများအကြား သဘောတူညီချက်များနှင့် ကတိကဝတ်များကို လက်တွေ့ အကောင်အထည်ဖော်ပေးနေကြသော နှစ်နိုင်ငံမှ စီးပွားရေး လုပ်ငန်းများနှင့် အသင်းအဖွဲ့များ၏ တက်ကြွစွာ ပါဝင်မှုကို ဝမ်းမြောက်စွာ တွေ့မြင်ရပါကြောင်း၊ ၎င်းတို့အနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အလားအလာများကို လက်တွေ့ကျသော စီမံကိန်းများအဖြစ် ပြောင်းလဲပေးပြီး ထုတ်ကုန်များ၊ အလုပ်အကိုင်များ ဖန်တီးပေးကာ နှစ်နိုင်ငံ ပြည်သူများအတွက် အမှန်တကယ် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ ဖိုရမ်ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ဘက်စုံမိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းပြီး ထိရောက်လာစေမည် ဖြစ်ပါကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမြင်နှင့် အကြံပြုချက်များကို မိမိအနေဖြင့် အလေးထားပါကြောင်း၊ ယနေ့ဖိုရမ်သည် နှစ်နိုင်ငံ အစိုးရများအကြား နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ အခွင့်အလမ်းများ၊ အနာဂတ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို တိုက်ရိုက် နားထောင်နိုင်သည့် အခွင့်အရေး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံလုံးအနေဖြင့် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် အရင်းအမြစ်များကို ပေါင်းစပ်အသုံးချပြီး ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်ကို အတူတကွချဲ့ထွင်သွားရန် လိုအပ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ "မြန်မာ-ဗီယက်နမ်စီးပွားရေးဖိုရမ်"တွင် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

**✱ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲများ၊ စိန်ခေါ်မှုများ မြင့်မားနေသည့်ကာလအတွင်း၌ပင် အပြန်အလှန်လေးစားမှုများဖြင့် ဒေသတွင်းတွင် အားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိ**

**✱ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကာ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ထုတ်ကုန်များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ သံမဏိထုတ်ကုန်များကို အဓိကတင်သွင်းလျက်ရှိ**

မိမိတို့နှစ်နိုင်ငံအနေဖြင့် စီးပွားရေးအသိုက်အဝန်းကို ယခင်ကတည်းကပင် ထူထောင်ထားရှိပြီး ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရေရှည်ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများအား မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်သွားလိုပါကြောင်း၊ သို့ဖြစ်ပါ၍ အဆွေတော်သမ္မတကြီးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ယုံကြည်စွာ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များကို လမ်းညွှန်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှု ရလဒ်များအရ ဗီယက်နမ်နိုင်ငံ အစိုးရအနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးမှုများကို ပိုမိုမြှင့်တင်သွားရန်၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ၍ လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်သွားရန်၊ လက်ရှိ ပူးပေါင်း ဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထိရောက်စွာ အသုံးချပြီး စီးပွားရေးလုပ်ငန်းများ၌ ကြုံတွေ့နေရသည့်အခက်အခဲများကို အတူတကွ ပူးပေါင်းဖြေရှင်းသွားရန်၊ ဗီယက်နမ်နှင့် မြန်မာ စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးအခွင့်အလမ်းရှာဖွေရုံသာမက ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်များအဖြစ် လက်တွဲ ဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးအရ လိုအပ်ချက်ရှိသည့် ကဏ္ဍများတွင် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်သွားရန် စသည့်အချက်ငါးချက်ကို အကြံပြုလိုပါကြောင်း၊ တက်ရောက်လာကြသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၏ အကျိုးရလဒ်များကို နှစ်နိုင်ငံပြည်သူများ ခံစားရရှိသွားကြရန် လိုကြောင်း၊ နှစ်နိုင်ငံစီးပွားရေး အသိုက်အဝန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ ဆက်လက်အောင်မြင်မှုများရရှိနိုင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားနိုင်ရန် ရည်ရွယ်သည့် မိမိ၏ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်တစ်ရပ် ကျင်းပနိုင်သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယနေ့ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများတွင်သာမက လုံခြုံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ **မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ဆက်ဆံရေးသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများ၊ စိန်ခေါ်မှုများ မြင့်မားနေသည့် ကာလအတွင်း၌ပင် အပြန်အလှန်လေးစားမှုများဖြင့် ဒေသတွင်းတွင် အားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊** အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံ၏ အနာဂတ်တွင် ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည့်အလားအလာကောင်းများကို ထင်ဟပ်ဖော်ပြနေကြောင်း။

**ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ ရောင်းချလျက်ရှိကာ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပလတ်စတစ် ထုတ်ကုန်များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ သံမဏိထုတ်ကုန်များကို အဓိကတင်သွင်းလျက်ရှိကြောင်း၊** ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရန်အတွက်လည်း အဓိကကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့တွင် အဓိကဆောင်ရွက်နေကြပြီး သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ထင်ရှားသည့်ရင်းနှီးမြှုပ်နှံမှုတစ်ရပ် အနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည့်



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang က စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားစဉ်။

စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ

Mytel Myanmar လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာကောင်းတစ်ခု ဖြစ်ကြောင်း။

အနာဂတ်တွင်လည်း မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ဆက်သွယ်ရေး၊ နည်းပညာ၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ယုံကြည်ချက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ဒေသတွင် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးနိုင်သည့် အချက်အချာနေရာတွင် တည်ရှိပြီး စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာ ရှိသကဲ့သို့ သဘာဝသယံဇာတများ၊ ရေချိုနှင့် ရေငန်သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝကြောင်း၊ ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိသဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဒေသတွင်းသဘောတူညီချက်များကိုအခြေပြု၍ မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းကာ လယ်ယာအခြေခံ သွင်းအားစုထုတ်လုပ်ခြင်း၊ စားသောက်ကုန်နှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းစသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပြီး ကမ္ဘာ့စားနပ်ရိက္ခာတန်ဖိုးကွင်းဆက်အတွင်း အတူတကွ ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် ဒီဂျစ်တယ်အခြေခံအဆောက်အအုံ၊ ဆိုက်ဘာလုံခြုံရေး၊ အစိုးရဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးတို့တွင် ဗီယက်နမ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည်လည်း မြန်မာ-ဗီယက်နမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အလားအလာကောင်းသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ တောတောင်ရေမြေ၊ သဘာဝအလှအပ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ထူးခြားသည့် ဒေသခရီးစဉ်များသည် နှစ်နိုင်ငံခရီးသွားများသာမက နိုင်ငံတကာမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဟိုတယ်နှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှိကြောင်း၊ ထို့အတူ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးနှင့် Biomass စွမ်းအင်ထုတ်လုပ်ရေး လုပ်ငန်းများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးနှင့် အာဆီယံ စီးပွားရေးစင်္ကြံ တစ်လျှောက် အခြေခံ အဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ သံ၊ သံမဏိနှင့် ဘိလပ်မြေထုတ်လုပ်ခြင်း လုပ်ငန်းများတွင်လည်း ဗီယက်နမ်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း။

ဗီယက်နမ် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာ၌ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင်သာမက လယ်ယာပေါင်းစည်းဇုန်များနှင့် စက်မှုစီမံကိန်းများကိုလည်း ထူထောင်ဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ဟူ၍ အထူးစီးပွားရေးဇုန်ကြီး သုံးခုရှိပြီး သီလဝါစီးပွားရေးဇုန်သည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများ (GMS Economic Corridors) အနက် အရှေ့-အနောက် စီးပွားရေးစင်္ကြံ (EWEC-East-West Economic Corridor) ဖြစ်သည့် မြန်မာနိုင်ငံ (မြဝတီ)-ထိုင်း-လာအို-ဗီယက်နမ်နိုင်ငံ (ဒါနန်း) လမ်းကြောင်းနှင့် ချိတ်ဆက်သွားမည် ဖြစ်သဖြင့် အနာဂတ်တွင် ဒေသတွင်းအရေးပါသည့် နိုင်ငံဖြတ်ကျော် မဟာဗျူဟာမြောက် ကုန်သွယ်ရေးလမ်းကြောင်းတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါသည့်နေရာတစ်ခုဖြစ်လာမည်ဖြစ်ပြီး GMS Economic Corridors အနက် Southern Economic Corridor (SEC) တောင်ပိုင်း စီးပွားရေးစင်္ကြံလမ်း ဖြစ်သည့် မြန်မာနိုင်ငံ(ထားဝယ်)-ဗန်ကောက်-လွန်ပရာဘမ်-ဗီယက်နမ်နိုင်ငံ (ဒါနန်း) လမ်းကြောင်းနှင့် ချိတ်ဆက်သွားနိုင်မည်ဖြစ်သဖြင့် ဒေသတွင်း အရေးပါသည့် မဟာစီမံကိန်းတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် ပြည်တွင်း ထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့်ဥပဒေ ၄ ရပ်နှင့်အညီ အကာအကွယ်ပေးလျက် ရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင်လည်း နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့်အလုပ်အကိုင်များ ဖန်တီးခြင်းနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးကူညီပေးသွားမည် ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**"တစ်ဦးတည်းဆိုပါက လျင်မြန်စွာသွားနိုင်သော်လည်း အတူတကွ ပူးပေါင်းမှသာလျှင် ဝေးဝေးသို့ ရောက်နိုင်သည်"** ဆိုသည့် အဆိုအမိန့်အတိုင်း ယနေ့ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး မရေရာမှုများနှင့် ရင်ဆိုင်နေရချိန်တွင် နိုင်ငံတစ်ခုတည်း၊ ကုမ္ပဏီတစ်ခုတည်းဖြင့် ရပ်တည်ရန် ခက်ခဲကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ထူထောင်ထားသည့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအောက်တွင် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု အပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**ပြောကြား**

ယနေ့ကျင်းပသည့် စီးပွားရေးဖိုရမ်သည် ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ အကျိုးရှိမည့် ရေရှည်တည်တံ့သည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား **"အပြန်အလှန်လေးစားမှုကို အခြေခံသည့် မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်ဖက်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် အနာဂတ်"**ကို အတူတကွ ဖော်ဆောင်သွားနိုင်မည် ဟု ယုံကြည်ကြောင်းကို အလေးအနက် ဆွေးနွေးပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် **"မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"**တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် **"မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"**တွင် မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ခန့် တက်ရောက်ခဲ့ကြပြီး လုပ်ငန်းရှင်များအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ အပြန်အလှန်လက်မှတ် ရေးထိုးခြင်းနှင့် နှစ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအား ပြခန်းပေါင်း ၂၀ ကျော် ခင်းကျင်းပြသနိုင်ခဲ့ကြကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာကို ဖော်ဆောင် ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကူးလူးဆက်ဆံမှုများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ အစိုးရနှစ်ရပ်၏ အားပေးမှုနှင့်အတူ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။

**✱ ခရီးသွားလုပ်ငန်းသည်လည်း မြန်မာ-ဗီယက်နမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အလားအလာကောင်းသည့် ကဏ္ဍတစ်ရပ်ဖြစ်**

**✱ နှစ်နိုင်ငံ၏ တောတောင်ရေမြေ၊ သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထူးခြားသည့် ဒေသခရီးစဉ်များသည် နှစ်နိုင်ငံခရီးသွားများသာမက နိုင်ငံတကာမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိ**

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မတ္တရာ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ဌာနဆိုင်ရာများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၅ ရက် နံနက် ၇ နာရီက အမှတ်(၅)ရပ်ကွက်ရှိ ရွှေသိမ်တော်(မြောက်) ဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးအောင်အောင်ထွန်းနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ ပူးပေါင်း၍ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ချုံနွယ်များ၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

ရွှေရာသား

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၆

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ မြန်မာသံရုံးသို့ရောက်ရှိကြရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံးဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခေတ်အဆက်ဆက် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ အချင်းချင်းနှင့် ပြည်သူများ အဆက်ဆက် ထိန်းသိမ်းပြုစုပျိုးထောင်ခဲ့ကြသည့် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့်ဆက်ဆံမှု သမိုင်းကောင်းများရှိကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား တူညီသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သမိုင်းကြောင်းဆိုင်ရာများရှိကြကာ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းသည်လည်း တူညီမှုများစွာ ရှိခဲ့ကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ခိုင်မာသည့် ရပ်တည်ချက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှု ကောင်းများရှိသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စီးပွားရေးကိုအလေးထားသည့် နိုင်ငံတစ်ခုဖြစ်ပြီး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုများကို အတုယူကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှ တစ်ဆင့်ပေါ်ပေါက်လာသည့် လွှတ်တော်နှင့် အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်း Agro-based Industry ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်၍ နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့ နိုင်ငံတော်၏ တာဝန်များကို အတူတကွ လာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီ စောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်း တာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရေး၊ နှစ်နိုင်ငံ အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှ တစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

ဗီယက်နမ်နိုင်ငံ အနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူ ပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံချစ်စိတ်ဖြင့် အပတ်တကုတ်ကြိုးစားအားထုတ်မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်ခဲ့ကြသည်ကို အတုယူကြရန် လိုကြောင်း၊ အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်၍ နိုင်ငံ့အကျိုးကို တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းရွက်သွားကြရန် မှာကြားလိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများ အတွက် လက်ဆောင် ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသားများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

---

○ ညောင်တုန်းမြို့နယ်မှ

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား တာမိုင် ၁၁/၅ နှင့် ၁၁/၆ ကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ ဆည်မြောင်းမူရင်းတာ တာမိုင် ၁၁/၆ + ၃၀၀ မှ ၁၁/၇ + ၆၀၀ အတွင်း ခန့်မှန်းလျှာထားအလျား ပေ ၇၀၀ အား သဲအိတ်များဖြင့် တာခြေ ထောက်ခြင်း၊ ဆည်မြောင်းတာ အတွင်းဘက်ခြမ်း တာမိုင် ၁၁/၆ + ၃၀၀ မှ တာမိုင် ၁၁/၇ + ၆၀၀ အထိ ပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextine ခင်းခြင်း၊ Steel Cable Groyne နှစ်ချောင်း ဆောင်ရွက်ခြင်းနှင့် ရေလယ်သောင်တူးခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စိမ်းလန်းစိုပြည်
လှပစေဖို့
သန့်ရှင်းသော
ကမ္ဘာမြေကို
စောင့်ရှောက်စို့။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်း၊ ဦးထွန်းအုံ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံသမ္မတနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားနယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည့် အပြင် ဗီယက်နမ်နိုင်ငံရှိ ဒီဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာခြင်း၊ မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ပံ့သုကျီ စာပေအနုပညာဝိုင်း

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနတို့ ပူးပေါင်းကျင်းပသော ပံ့သုကျီစာပေအနုပညာဝိုင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပုသိမ်ကြီးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ဆွေ(နိုင်စေမန်းတက္ကသိုလ်)နှင့် မြို့နယ်ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်မှ စာရေးဆရာအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးကိုကိုနိုင်(နိုင်ဗလ)က ဝတ္ထုအကြောင်း သိကောင်းစရာ စာတမ်းငယ်ကို ဖတ်ကြားပြီး တက်ရောက်လာကြသော စာရေးဆရာများက စာပေရေးရာ ဗဟုသုတများမျှဝေဖလှယ်ခဲ့ကြကာ အခမ်းအနားကို နေ့လယ် ၁၂ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခင်စိမ်းဝင်း(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ



## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေး

**မြစ်သား စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများအား စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။

မြစ်သား မြို့နယ်အတွင်းရှိ ယခင်နှစ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပေးဆပ်ပြီးသော ကျေးရွာအုပ်စု ၆၉ အုပ်စု ရှိ တောင်သူ ၄၆၆၄ ဦး၏ ဧက ၂၁၅၇၈ ဧကအတွက် စပါးတစ်ဧကလျှင် သုံးသိန်းနှုန်းနှင့် အခြားသီးနှံတစ်ဧကလျှင် နှစ်သိန်းခွဲနှုန်းဖြင့် ချေးငွေကျပ်သိန်း ၆၃၅၀၆ သိန်းကို မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးပြီးဖြစ်ကြောင်းသိရသည်။

**ဝါဝါမြင့်(မြစ်သား)**

❖ မြန်မာ့ကမ်းရိုးတန်းမှ

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# တွဲလက်ညီညီ အောင်ပွဲဆီသို့ တက်လှမ်းလို့ပင် မြန်မာ-ဗီယက်နမ်ခရီးစဉ်

**ကေဇက်ဟိန်း(PPIB)**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ စက်တင်ဘာ ၅ ရက်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယနေ့သည် နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ဗီယက်နမ်နိုင်ငံခရီးစဉ် ဒုတိယနေ့ပဲဖြစ်ပါတယ်။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံမှုအပြင် အခြားသော နိုင်ငံရဲ့ အရေးပါသူများနဲ့ တွေ့ဆုံမှုတွေလည်း ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ခရီးစဉ်ရဲ့ အရေးကြီးဆုံး နေ့ရက် တစ်ရက်လို့ ဆိုရမှာပါပဲ။ နှစ်နိုင်ငံခေါင်းဆောင်ချင်း တွေ့ဆုံရာမှာ ပြောတဲ့ ဆွေးနွေးချက်တွေဟာ နှစ်နိုင်ငံချစ်ကြည်ရေးကိုအခြေခံပြီး ကဏ္ဍစုံထိ တစ်စတစ်စ ကျယ်ပြန့်သွားတဲ့အပြင် ဒေသတွင်းကနေ ကမ္ဘာ့မျက်နှာစာထိ ကျယ်ပြန့်သွားတတ်တဲ့ သဘောကို စာရေးသူ မကြာခဏ တွေ့မြင်ခဲ့ရပါတယ်။

မည်သို့သော သဘောတူညီမှုများ ရရှိသွားမလဲ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများရဲ့ အရှိန်အဟုန် ဘယ်လောက်ထိ တိုးမြှင့်သွားနိုင်မလဲ၊ ဘယ်လို ကဏ္ဍသစ်တွေ ဖော်ဆောင်သွားနိုင်ဦးမလဲ၊ ဒါတွေက တစ်ဆင့် နှစ်နိုင်ငံရဲ့ မဟာဗျူဟာမြောက် ပူးပေါင်းနိုင်မှုအောင်ပွဲကို ဘယ်လိုတက်လှမ်းသွားနိုင်မလဲ စတဲ့ မေးခွန်းပေါင်းများစွာဟာ စာရေးသူရဲ့စိတ်ထဲ ပဲ့တင်ထပ်လို့နေပါတယ်။ စာရေးသူလည်း နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါတဲ့ အထူးယာဉ်တန်းနဲ့ လိုက်ပါရင်း ခရီးစဉ်ဒုတိယရက်ကို စတင်ခဲ့ရပါတော့တယ်။

## ဟန္နိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်ဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြု

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဟန္နိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်ဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့ဆီသို့ စတင်ခရီးဆက်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲဟာ ပြည်ပခရီးစဉ်တွေတိုင်းမှာ နိုင်ငံတွေရဲ့ သမိုင်းကြောင်း၊ နိုင်ငံအတွက် အသက်စွန့်ကြိုးပမ်းခဲ့သူတွေအတွက် အလေးအမြတ်ထားရာ သူရဲကောင်းဗိမာန်တွေကို သွားရောက်ဂုဏ်ပြုမြဲ၊ အလေးအမြတ်ပြုမြဲ ဖြစ်ပါတယ်။ သူရဲကောင်းဗိမာန်တွေဟာ နိုင်ငံတော်တွေရဲ့ သမိုင်းကို လေးမြတ်စွာ ကမ္ပည်းရေးထိုးနိုင်သူတွေ၊ နိုင်ငံနှင့် လူမျိုးအတွက် အသက်စွန့်ဝံ့သူတွေကို အသိအမှတ်ပြုထားတဲ့ အထိမ်းအမှတ်နေရာတွေပဲ ဖြစ်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်တိုင်းက အပြန်အလှန်သွားရောက်တိုင်း အလေးအမြတ်ပြုမြဲပါ။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ သူရဲကောင်းဗိမာန်မှာ ကျဆုံးလေပြီးသော အမျိုးသားသူရဲကောင်းများ ဂူဗိမာန်နဲ့ ဟိုချီမင်းဂူဗိမာန်တို့မှာ ဂုဏ်ပြုတပ်ဖွဲ့၏ ဂါရဝပြုတီးမှုတ်မှုများနဲ့အတူ လွမ်းသူ့ပန်းခွေချခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါဟာတစ်နိုင်ငံနဲ့တစ်နိုင်ငံ သမိုင်းကို လေးစားမှု၊ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ သမိုင်းနေ့ရက်များကို ထပ်တူလေးစားဂုဏ်ယူနေမှု စတဲ့ စိတ်နှလုံးသားတွေရဲ့ ပြယုဂ်တစ်ခုပါပဲ။

> **ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဘက်စုံခိုင်မာပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်တစ်ရပ်ကို တက်လှမ်းနိုင်ရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံရေးအရ ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှု မြှင့်တင်နိုင်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလာရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ စာမျက်နှာတို့တွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်ခံရပ်တည်သွားနိုင်ရေး စသည့်နယ်ပယ်ပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလို**

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့က ဂုဏ်ပြုကြိုဆို

ကြည်လင်သာယာသော ကောင်းကင်ပြင်ကြီးက ဟန္နိုင်းမြို့ပြတစ်ခုလုံးကို လွှမ်းခြုံထားသည့်နှယ်။ ကြည်လင်တဲ့ ရာသီသဘာဝ၊ ဟန္နိုင်းမြို့ပြရဲ့ ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တို့ဟာ လိုက်ဖက်ညီနေပါတယ်။ မြို့ပြပုံရိပ်အစုံစုံတို့က စာရေးသူတို့ကို လက်ပြနှုတ်ဆက်နေသလိုပင်။ နိုင်ငံတော်အကြီးအကဲနှင့် ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုလန်းနှင့် ဇနီးတို့ ကြိုဆိုမည့်နေရာသို့ ရောက်ရှိခါနီးပါပြီ။ မကြာမီဆိုသလိုပဲ အထူးယာဉ်တန်းဟာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ရှိ အမျိုးသားလွှတ်တော်(National Assembly Building)ရှေ့ ရင်ပြင်ကို ရောက်ရှိခဲ့ပါတယ်။

ကြိုဆိုပွဲအခမ်းအနားအတွက် ပြင်ဆင်ထားပုံက ခမ်းနားလှပါတယ်။ ရင်ပြင်ရဲ့ နေရာအချို့မှာလည်း နှစ်နိုင်ငံအလံတွေကို လွှင့်ထူထားပါသေးတယ်။ နှစ်နိုင်ငံအလံတွေကို LED Board ဖြင့် ပြသထားရှိမှုဟာလည်း နှစ်နိုင်ငံရဲ့ ချစ်ကြည်ရင်းနှီးမှု ခိုင်မာနေခြင်းကို ပြသထားသလို ခံစားမိပါတယ်။ ရှေ့ရင်ပြင်ပေါ်မှာလည်း ကော်ဇောနီလျှောက်လမ်းများနဲ့အတူ ဂုဏ်ပြုတပ်ဖွဲ့များကလည်း အသင့်စောင့်ဆိုင်းလို့နေပါတော့တယ်။ အထူးယာဉ်တန်းဟာ အမျိုးသားလွှတ်တော်ရှေ့ ရင်ပြင်ကိုရောက်ရှိတာနဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ဇနီးတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့က ရင်းရင်းနှီးနှီးနဲ့ ကြိုဆိုနှုတ်ဆက်ကြပါတယ်။ နှစ်နိုင်ငံအကြီးအကဲချင်း သာမက အကြီးအကဲနှစ်ဦးရဲ့ ဇနီးနှစ်ဦးပါ တွေ့ဆုံခွင့်ရခြင်းဟာ သံတမန်ဆက်ဆံရေးဆိုတဲ့အဆင့်ထက် ကျော်လွန်တဲ့ ရင်းနှီးကျွမ်းဝင်မှုတွေကို ပြသပုံဖော်ပေးထားသလိုလည်း စာရေးသူခံစားမိပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတနှစ်ဦးဟာ အလေးပြုခံစင်မြင့်ထက်မှာ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့ပါတယ်။ ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများနဲ့ ဂုဏ်ပြုအလေးပြုပြီးနောက်မှာတော့ နှစ်နိုင်ငံ သမ္မတနှစ်ဦးဟာ ဂုဏ်ပြုတပ်ဖွဲ့များကို ကော်ဇောနီလျှောက်လမ်းများအတိုင်း လမ်းလျှောက်စစ်ဆေးခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ အခမ်းအနားပြီးမြောက်ချိန်မှာတော့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုကို စတင်ပါတော့တယ်။

နှစ်နိုင်ငံသမ္မတနှစ်ဦးရဲ့ တွေ့ဆုံဆွေးနွေးမှု အဓိကအကြောင်းအရာများကို လေ့လာကြည့်ကြပါမယ်။ ဒါတွေကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဆိုင်ရာများ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ၊ စက်မှုကဏ္ဍနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍများ၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းဆက်သွယ်မှုဆိုင်ရာများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ စတဲ့အချက်တွေကို အကျယ်တဝင့်နဲ့ ရင်းနှီးနွေးထွေးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့တာပဲ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံအကြီးအကဲအနေနဲ့ ဗီယက်နမ်နိုင်ငံခရီးစဉ်များကို ပြန်ကြည့်ရင် သုံးကြိမ်တိုင်တိုင် ရောက်ခဲ့ဖူးပါတယ်။ သမ္မတတာဝန်ယူပြီးချိန်ဆိုရင်တော့ ဒီခရီးစဉ်ဟာ ပထမဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ နှစ်နိုင်ငံသမ္မတနှစ်ဦး ဆွေးနွေးနေချိန်မှာ စာရေးသူ မြင်မိတာလေးတွေရှိပါတယ်။ နှစ်နိုင်ငံသမ္မတနှစ်ဦးဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှာကျင်းပခဲ့တဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားမှာ တွေ့ဆုံခဲ့ဖူးပြီး ဒီတစ်ကြိမ်ပြန်ဆုံတွေ့ရတဲ့အပေါ် နှစ်ဖက်စလုံးက တခုတ်တရ ပြောဆိုကြပါတယ်။ သာမန်ဆက်ဆံရေးမဟုတ်ဘဲ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်လည်တွေ့ဆုံတဲ့အခါမျိုးမှာ မြင်ရတတ်တဲ့ မြင်ကွင်းမျိုးပါ။

ဒါ့အပြင် နိုင်ငံတော်အကြီးအကဲရဲ့ ဦးဆောင်မှုနဲ့အတူ နိုင်ငံတော်မှာကျင်းပနိုင်ခဲ့တဲ့ အထွေထွေရွေးကောက်ပွဲနဲ့အတူ အစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာမှု၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေးတိုးမြှင့်တည်ဆောက်နိုင်မှု၊ နှစ်နိုင်ငံရဲ့ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းပုံရိပ်များတူညီမှုနဲ့အတူ ရင်းနှီးကျွမ်းဝင်မှု ပိုမိုရှိတယ်ဆိုတဲ့အကြောင်းကို ဗီယက်နမ်သမ္မတကြီးက အလေးအနက်ထားပြောခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေနဲ့လည်း ဗီယက်နမ်နိုင်ငံ ပြည်သူများရဲ့ လွတ်လပ်ရေးနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းခဲ့မှု၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် အထူးလေးစားကြောင်းကို တခုတ်တရ ပြန်လည်ပြောဆိုခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ စစ်ပွဲနဲ့ အရေးယူပိတ်ဆို့ကန့်သတ်မှုတွေကြားကရုန်းထပြီး ယခုလို အလျင်အမြန် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း နိုင်ငံတော်အကြီးအကဲက အလေးအနက်ထားပြီး ချီးကျူးခဲ့ပါသေးတယ်။ ဒီလေးစားဂုဏ်ယူမှုဟာ လက်ရှိ ဗီယက်နမ်သမ္မတလက်ထက်တစ်ခုတည်းတင်မဟုတ်ဘဲ ခေတ်အဆက်ဆက် ခေါင်းဆောင်များရဲ့ စွမ်းရည်ကိုလေးစားဂုဏ်ယူကြောင်း ပြသခဲ့တာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် မိမိတို့နိုင်ငံရဲ့ အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီနှင့်ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးတွေတိုးမြှင့်သွားဖို့၊ နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေးမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ အလေးထားဆွေးနွေးကာ ရလဒ်တစ်ခုကို ဖော်ဆောင်နိုင်ခဲ့ပါသေးတယ်။

**“မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် အရှေ့-အနောက် စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် သုံးနိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်လိုကြောင်း၊ မြန်မာ-လာအို-ဗီယက်နမ်၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် စသည့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံနှင့် ချိတ်ဆက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်မည်”။**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ရဲ့ ဆွေးနွေးမှုများထဲက စီးပွားရေးစင်္ကြံလမ်းကြောင်းကိစ္စကိုထုတ်နုတ်တင်ပြတာပဲ ဖြစ်ပါတယ်။ ဒီအချက်ဟာ အာဆီယံဒေသတွင်းရဲ့ စီးပွားရေးလမ်းကြောင်းအပေါ် မြန်မာရဲ့ အချက်အချာကျမှုနဲ့ များစွာသက်ဆိုင်နေပါတယ်။ မိမိတို့နိုင်ငံဟာ မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ

စာမျက်နှာ ၈ သို့ »»

»»» စာမျက်နှာ ၇ မှ

အဝေးပြေးလမ်းမကြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒီလမ်းနဲ့ချိတ်ဆက်ပြီး ဗီယက်နမ်ဟာ လာအိုနဲ့ မြန်မာကတစ်ဆင့် အိန္ဒိယကို ထွက်ပေါက်တစ်ခုရနိုင်သလို တောင်အာရှနဲ့ အနောက်ဘက်ဈေးကွက်လမ်းကြောင်း ရရှိနိုင်မှာပါ။ မြန်မာဟာ ဗီယက်နမ်အတွက် Land Bridge တစ်ခုဖြစ်သလို မြန်မာအတွက်လည်း လာအို-ဗီယက်နမ်က တစ်ဆင့် အရှေ့အာရှဈေးကွက်ကို ချိတ်ဆက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။ Land Bridge အပေါ် အခြေခံထားတဲ့ စီးပွားရေးစကြံကို တွေ့ရမှာပါ။

တစ်ယောက်တည်းအားထက် ပူးပေါင်းမှုစွမ်းအားက ပိုပြီးကောင်းပါတယ်။ စီးပွားရေးစကြံလမ်းကြောင်းတွေကို နိုင်ငံတော်အကြီးအကဲက ပြည်ပခရီးစဉ်တိုင်းမှာ ဆွေးနွေးဖြစ်တာကို တွေ့မြင်ရမှာပါ။ တစ်နေရာတည်းကနေ လမ်းကြောင်းတစ်ခုတည်းနဲ့ ပုံသေတွက်ချက်သွားလာနေမယ်ဆိုရင် အမှတ်မထင်တဲ့ အခင်းအကျင်း ပြောင်းလဲမှုတွေက ကြီးမားတဲ့အဟန့်အတား အကျပ်အတည်းကို ဖြစ်ပေါ်စေပါတယ်။ ယနေ့ ကမ္ဘာ့ဖြစ်စဉ်များက သက်သေပါပဲ။ ဒါကြောင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုမှာ စုပေါင်းအားနဲ့ ကဏ္ဍသစ်၊ မျက်နှာစာသစ်နဲ့ အခင်းအကျင်းအသစ်တွေကို ဖော်ဆောင်ထားနိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်တာကို နိုင်ငံတော်အကြီးအကဲက အာဆီယံကို ရည်ညွှန်းပြောဆိုနေခြင်းသာဖြစ်ကြောင်း စာရေးသူခံစားမိပါတယ်။

**"ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဘက်စုံခိုင်မာပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်တစ်ရပ်ကို တက်လှမ်းနိုင်ရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံရေးအရ ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှု မြှင့်တင်နိုင်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလာရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်ခံရပ်တည်သွားနိုင်ရေး စသည့် နယ်ပယ်ပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း"**

ဒါကတော့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက ပြန်လည်ပြောကြားချက်ပါပဲ။ ခရီးစဉ်ရဲ့ ရလဒ်ဟာ ဒါပါပဲ။ မိမိတို့ နိုင်ငံအကြီးအကဲရဲ့ ခြေလှမ်းများနောက်ကို တစ်ချက်လေ့လာကြည့်ကြပါမယ်။ သွားခဲ့တဲ့ခရီးစဉ်တွေနောက်ပိုင်းမှာ နိုင်ငံတော်ဒုတိယသမ္မတတွေ၊ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးအဆင့်တွေဟာ အကြီးအကဲဖော်ဆောင်ခဲ့တဲ့ ကဏ္ဍစုံအတွက် နိုင်ငံအသီးသီးကို သွားရောက်နေတာကို ယနေ့သတင်းစာမျက်နှာတွေမှာ တွေ့ကြမှာပါ။ ဒါတွေဟာ နိုင်ငံတော်အတွက်၊ နိုင်ငံသူနိုင်ငံသားတွေအတွက်ပါပဲလို့ မီးမောင်းထိုးပြလိုပါတယ်ဗျာ။ နိုင်ငံတော်အကြီးအကဲ ကတော့ ခရီးဆက်ဦးမှာမို့ ဆက်လေ့လာကြည့်ရအောင်ပါ။

**ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာချိန်ထန်မန်းနှင့် တွေ့ဆုံ**

နိုင်ငံတော်အကြီးအကဲဟာ ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကဏ္ဍကိုလည်း အလေးအနက်ထားဆောင်ရွက်စမြဲ ဖြစ်ပါတယ်။ တွေ့ဆုံပွဲကိုတော့ ဗီယက်နမ်အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။

တွေ့ဆုံပွဲရဲ့ ရလဒ်ကိုကြည့်မယ်ဆိုရင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ တပ်မတော်အချင်းချင်း၊ ပါတီအချင်းချင်းမှစ၍ ပြည်သူအချင်းချင်းဆက်ဆံရေးအထိ ပူးပေါင်းဆောင်ရွက်ဖို့ အဓိကထားဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။

ဒ့ါအပြင် ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပြီး မြန်မာအနေဖြင့် ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူနိုင်သည်ဆိုတဲ့ အဆင့်အထိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ချပြဆွေးနွေးခဲ့တာကိုလည်း တွေ့မြင်ရပါတယ်။



စက်တင်ဘာ ၅ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

လွှတ်တော်နှစ်ရပ်ချင်း ပူးပေါင်းမှုမှသည် နှစ်နိုင်ငံ ဥပဒေပြုရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအထိ တိုးမြှင့်နိုင်မှုများအပေါ် အလေးအနက်ထား ဆွေးနွေးခဲ့တာကို တွေ့မြင်ကြားသိခဲ့ရပါတယ်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် တွေ့ဆုံ**

ဒီတွေ့ဆုံမှုကိုတော့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းမှာ ဟနွိုင်းမြို့ အစိုးရအဖွဲ့ရုံး(Grand Hall) မှာ တွေ့ဆုံဆွေးနွေးမှာပဲ ဖြစ်ပါတယ်။ ဒီတွေ့ဆုံမှုမှာတော့ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်နိုင်မယ့်အခြေအနေများ၊ အစိုးရ၊ လွှတ်တော်၊ ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ဆောင်ရွက်မှုများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုကဏ္ဍ၊ ဆက်သွယ်ရေးနည်းပညာဆိုင်ရာကဏ္ဍတို့မှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးတွင် ဘက်မျှပြီး ဟန်ချက်ညီတဲ့ ဆက်ဆံရေးကို တည်ဆောက်သွားမည့် အခြေအနေများ၊ ဗီယက်နမ်နိုင်ငံအပါအဝင် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်တွေကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့တာကို တွေ့မြင်ရပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ Van Phuc ပိုးထည်ရွာ (Silk Village)သို့ သွားရောက်လေ့လာ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီးဖြစ်သူ ဒေါ်ကြူကြူလှရဲ့ ဒုတိယမြောက် ပြည်ပခရီးစဉ်တစ်ခုပဲ ဖြစ်ပါတယ်။ ပထမခရီးစဉ်ဟာ လာအိုနိုင်ငံပဲ ဖြစ်ပါတယ်။ လာအိုနိုင်ငံခရီးစဉ် လိုက်ပါစဉ်ကလည်း လာအိုပိုးထည်တိုက်ကို သွားရောက်လေ့လာခဲ့ပါသေးတယ်။ ယခုခရီးစဉ်မှာလည်း ဗီယက်နမ်နိုင်ငံရဲ့ Van Phuc ပိုးထည်ရွာ(Silk Village)ကို သွားရောက်လေ့လာခဲ့ပြန်ပါတယ်။ ယနေ့အချိန်ထိတော့ ပိုးထည်တိုက်၊ ပိုးထည်ပစ္စည်းလုပ်ငန်းများနှင့် စပ်လျဉ်းပြီး မည်သို့အကောင်အထည်ဖော်မည်ကိုတော့ တွေးဆလို့မရနိုင်သေးပါဘူး။

ခရီးစဉ်တစ်ခုမှာ နှစ်နိုင်ငံခေါင်းဆောင်ချင်းသာမက ပါရမီဖြည့်ဖက် ဇနီးများပါ ခင်မင်ရင်းနှီးခွင့်ပေးခြင်းဟာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနွေးထွေးသလို ခံစားမိပါတယ်။ ယခုပုံရိပ်ဟာ အာဆီယံဒေသတွင်းကို ပြသခဲ့တဲ့ ဒုတိယမြောက် ပြကွက်တစ်ခုပမာ မြင်တွေ့ရပါတယ်။ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရဲ့ Van Phuc ပိုးထည်ရွာ(Silk Village) အကြောင်းကို လေ့လာကြည့်ရအောင်ပါ။

Van Phuc ပိုးထည်ရွာ(Silk Village)ဟာ ဗီယက်နမ်နိုင်ငံရဲ့ အထင်ရှားဆုံး ရိုးရာပိုးထည်ရက်လုပ်တဲ့ ကျေးရွာတွေထဲက တစ်ခုပဲဖြစ်ပါတယ်။ နှစ်ပေါင်း(၁၀၀၀)ရှိတဲ့ ရိုးရာအမွေအနှစ်တစ်ခုအဖြစ် လေ့လာတွေ့ရှိခဲ့ရပါတယ်။ ပိုးမွေးမြူခြင်း၊ ပိုးချည်မျှင်ထုတ်လုပ်ခြင်း၊ ချည်မျှင်ပြင်ဆင်ခြင်း၊ ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်ခြင်း၊ အရောင်ဆိုးခြင်းနှင့် နောက်ဆုံးပိုးထည်များ ပြုလုပ်ခြင်းတွေကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါတယ်။ ထူးခြားမှုတစ်ခုကတော့ ရိုးရာလက်မှုပညာရှင်များရဲ့ မျိုးဆက်အလိုက် ရက်ကန်းပညာလက်ဆင့်ကမ်းထိန်းသိမ်းလာမှု၊ ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်ဖွံ့ဖြိုးလာမှုတွေဟာ ဂုဏ်ယူစရာပဲဖြစ်ပါတယ်။

ဒီနေရာမှာ စာရေးသူက တစ်ခုမျှဝေလိုပါတယ်။ ဥပမာ ပိုးထည်ဆိုပါစို့။ ရက်လုပ်ပြီး ထွက်ပေါ်လာတဲ့ လှပတဲ့ပိုးထည်တစ်ခုဟာ ဒြပ်ရှိယဉ်ကျေးမှုတစ်ခုပါ၊ ရက်လုပ်တဲ့ ပညာရပ်ဟာ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုပါ။ နားလည်စေချင်တာက ယဉ်ကျေးမှုတစ်ခုမှာ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုနှစ်ရပ်ရှိတယ်ဆိုတာပါပဲ။ ထပ်ပြီး အဓိကကျတာကတော့ ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်တဲ့ ပညာရပ်နဲ့ ပညာရပ်ကိုတတ်ကျွမ်းတဲ့ လူသားအရင်းအမြစ်ပါ။ ဒီလူသားအရင်းအမြစ်တွေဆုံးရှုံးရင် ပညာရပ်တွေ တိမ်ကောပြီး ဒြပ်ရှိယဉ်ကျေးမှုတွေပါ အလိုလိုပျောက်ဆုံးသွားတတ်တာ သဘာဝပါ။ မိမိတို့နိုင်ငံမှာလည်း ဒြပ်ရှိဒြပ်မဲ့နဲ့ သက်ဆိုင်တဲ့ ရိုးရာယဉ်ကျေးမှုတွေ တိုင်းရင်းသားများအလိုက် ရှိကြပါတယ်။ မိမိတို့ တိုင်းရင်းသားများအလိုက် ဒြပ်ရှိဒြပ်မဲ့ ရိုးရာယဉ်ကျေးမှုတွေ ဘယ်လိုအဆင့်ရောက်နေပြီလဲ၊ တိမ်ကောသွားနိုင်ခြေတွေ ရှိနေပြီလားဆိုတာတွေကို စာရေးသူက အလျဉ်းသင့်လို့ ဆောင်းပါးလေးကတစ်ဆင့် မေးလိုက်ပါဦးမယ်။

နိုင်ငံတော်အကြီးအကဲတို့ရဲ့ ဇနီးနှစ်ဦးဟာ ရင်းနှီးနွေးထွေးသော ဆက်ဆံမှုများနဲ့အတူ လေ့လာရေးခရီးစဉ်လေးကို ပုံဖော်ညွှန်းဆိုပြသနိုင်ခဲ့တယ်လို့ပဲ ဆိုလိုက်ပါရစေခင်ဗျာ။

**ဟန္နိုင်းမြို့ပုံရိပ်အချို့၊ ဗီယက်နမ်တို့၏စိတ်ဓာတ်နှင့် ထုတ်ကုန်များအကြောင်း တစေ့ တစောင်း**

အချိန်အနည်းငယ်ရခိုက် စာရေးသူ ဟန္နိုင်းမြို့ကို လေ့လာကြည့်ဖြစ်ခဲ့ပါသေးတယ်။ တကယ်တော့ ဟန္နိုင်းမြို့ဆိုပေမယ့် ရန်ကုန်မြို့ကို ရောက်နေသလို ခံစားမိပါတယ်။ ရန်ကုန်မြို့နဲ့ ကွာခြားတာကတော့ ရန်ကုန်လို အထပ်မြင့်တွေ သိပ်မများတာပါပဲ။ ဟန္နိုင်းမှာလည်း ရန်ကုန်မြို့လို ကန်တော်ကြီးပုံစံမျိုး တစ်ခုရှိပါတယ်။ လှပသပ်ရပ်တဲ့ Green Zone တစ်ခုပါ။ ဟန္နိုင်းမြို့က အရွယ်မျိုးစုံဟာ ဒီကန်ကြီးနားမှာ လမ်းလျှောက်ခြင်း၊ စကားစမြည်ပြောခြင်းတွေနဲ့ စိတ်အပန်းဖြေကြတာကိုလည်း စာရေးသူ တွေ့မြင်ခဲ့ရပါတယ်။

တစ်နေ့တာ အလုပ်လုပ်လို့ ပင်ပန်းနွမ်းနယ်မှုတွေကို ဒီကန်ကြီးရဲ့ ပတ်လမ်းတွေမှာ စည်းကမ်းရှိစွာ အပန်းဖြေနေကြတဲ့ သဘောပါပဲ။ လူစည်ကားတဲ့ နေရာတွေမှာ လူငယ်တွေစုပြီး သွားလာလှုပ်ရှားတဲ့ ပုံရိပ်ကလည်း စည်းကမ်းတကျရှိခြင်းဆိုတဲ့ လူနေမှုပုံစံကို ပြသလျက်ရှိပါတယ်။ ယနေ့ စာရေးသူတို့နိုင်ငံက လူငယ်တွေအတွက် အတုယူစရာတစ်မျိုးဖြစ်ပါတယ်။

ဗီယက်နမ်လူမျိုးတွေဟာ မိမိနိုင်ငံနဲ့ မိမိလူမျိုးကို ချစ်မြတ်နိုးစိတ် အပြည့်အဝရှိကြပါတယ်။ တိုင်းတစ်ပါးကို အထင်ကြီးလေးစားမှု အလျဉ်းမရှိဘဲ မိမိခွန်မိမိအား၊ မိမိလူမျိုးအားနဲ့သာ မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုတဲ့ စိတ်အပြည့်အဝရှိတာကိုလည်း စာရေးသူလေ့လာတွေ့ရှိရပါတယ်။ ယနေ့ ဗီယက်နမ်နိုင်ငံဟာ ကဏ္ဍစုံမှာ အရှိန်အဟုန်နဲ့ အလျင်အမြန်တိုးတက်ပြောင်းလဲလာတာဟာ ဗီယက်နမ်လူမျိုးတို့ရဲ့ စည်းလုံးတဲ့အား၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေစုစည်းပြီး ရုန်းထကြိုးစားခဲ့လို့ ပိုင်ဆိုင်ခဲ့တဲ့ ရလဒ်ကောင်းများပဲ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံသားတွေအနေနဲ့လည်း ဒီလိုစံနမူနာကောင်းတွေကို အတုယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် စည်းလုံးညီညွတ်တဲ့အားနဲ့ ကြိုးစားအားထုတ်ချိန် တန်ပါပြီ။ နောက်တစ်ခု မျှဝေပေးလိုပါသေးတယ်။ ဒါကတော့ ဗီယက်နမ်နိုင်ငံရဲ့ အထည်အလိပ်တွေအကြောင်းပါပဲ။

ဗီယက်နမ်နိုင်ငံရဲ့ အထည်အလိပ်တွေဟာ ဈေးနှုန်းချိုသာပြီး အရည်အသွေးလည်းကောင်းမွန်တာကို စာရေးသူလေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါကလည်း သူတို့နိုင်ငံရဲ့ MSME လုပ်ငန်းတွေရဲ့ တိုးတက်မှုအရှိန်အဟုန်တစ်ခုပဲဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အဝတ်အထည်ထုတ်လုပ်တင်ပို့မှုအများဆုံး နိုင်ငံတစ်ခုအဖြစ် စာရင်းဝင်တဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဈေးနှုန်းနဲ့ ကောင်းမွန်တဲ့ အရည်အသွေးကြောင့် ကမ္ဘာမှာ နာမည်ကြီးအမှတ်တံဆိပ်များနဲ့ နာမည်ကြီးနေတာကိုလည်း တွေ့ခဲ့ရပါတယ်။ အဓိကသော့ချက်ကို လေ့လာကြည့်ရာမှာတော့ ကျွမ်းကျင်လုပ်သားအရင်းအမြစ်ကောင်းတွေရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်နှင့် အထည်ချုပ်ကျွမ်းကျင်မှု မြင့်မားကြတယ်။ အခြေခံကုန်ကျမှုစရိတ်သက်သာတဲ့အတွက် စက်ရုံတွေလည်ပတ်မှုနဲ့ ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ထိန်းသိမ်းထားနိုင်တယ်။

ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေအတွက်လည်း ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ကွန်ရက်ကောင်းတွေကို စွမ်းဆောင်နိုင်ကြတာကိုလည်း တွေ့ရတယ်။ ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံအချို့ကတစ်ဆင့် လိုအပ်တဲ့ကုန်ကြမ်းတွေကို တင်သွင်းနိုင်နေတာကိုလည်း တွေ့ရပြန်ပါတယ်။ အတိုချုံးကြည့်ရင်တော့ အထည်အလိပ်တွေအတွက် ကုန်ကြမ်းရရှိမှုကောင်းခြင်း၊ ကျွမ်းကျင်လုပ်သားအရင်းအမြစ်ကောင်းများ ပိုင်ဆိုင်ခြင်း၊ ပြည်တွင်းကတစ်ဆင့် ပြည်ပဈေးကွက်အထိ ကွန်ရက်ရှာဖွေနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ချိုသာခြင်းဆိုတဲ့ အဓိကအချက်တွေကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ စာဖတ်သူတို့အတွက် ပြန်လည်မျှဝေပေးတာပဲဖြစ်ပါတယ်။ ခရီးစဉ်အကြောင်းလေး ခဏဆက်လိုက်ရအောင်ပါ။

ခရီးစဉ်ဒုတိယရက်ရဲ့ညမှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့က ဂုဏ်ပြုညစာနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ ဒီဂုဏ်ပြုညစာစားပွဲကိုတော့ ဗီယက်နမ်နိုင်ငံ သမ္မတရုံး တုံကင်နန်းတော်မှာ ကျင်းပခဲ့တာပဲဖြစ်ပါတယ်။ တုံကင်နန်းတော်ဆိုတာ သမိုင်းဝင်အထိမ်းအမှတ်နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ပြင်သစ်ကိုလိုနီကာလအတွင်းက မြို့တော်ဝန်နေအိမ်အဖြစ်အသုံးပြုခဲ့တဲ့ သမိုင်းဝင် အထင်ကရ ဗိသုကာလက်ရာတစ်ခုပဲ ဖြစ်ပါတယ်။ နန်းတော်အတွင်း ရောက်ရှိခဲ့တဲ့အချိန်မှာတော့ ဗီယက်နမ်တို့ရဲ့ မြေယာရှုခင်း(landscape) ပိုင်းမှာ ကျွမ်းကျင်ပိုင်နိုင်မှုနဲ့ စနစ်တကျနဲ့ သာယာလှပမှုရှိအောင် ဖန်တီးထားနိုင်မှုကိုလည်း လေးစားအသိအမှတ်ပြုခဲ့ရပါတယ်။

ဒီနေ့မှာ ပြုလုပ်ခဲ့တဲ့ တွေ့ဆုံပွဲအခမ်းအနားတွေမှာ ခရီးစဉ်ရဲ့အောင်မြင်မှု ရလဒ်ကောင်းများကို ကိုယ်စီအပြုံးတွေကတစ်ဆင့် မှန်တစ်ချပ်ပမာ တွေ့မြင်ခဲ့ရပြီပဲ ဖြစ်ပါတယ်။

ဤရလဒ်များနှင့်အတူ ပိုင်ဆိုင်ခဲ့တဲ့ နေ့ရက်တစ်ရက်ဟာလည်း တွဲလက်ညီညီ အောင်ပွဲဆီသို့ တက်လှမ်းနိုင်ခဲ့တဲ့ မြန်မာ-ဗီယက်နမ်ခရီးစဉ်အဖြစ် ကမ္ပည်းတင်ရေးထိုးနိုင်ခဲ့ကြောင်း စာပန်းချီခြယ်မှုန်းရကြောင်းပါဗျာ။ ။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုး ရှင်းလင်းဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်ကို ဘယ်လိုသုံးသပ်ပါသလဲ။**

ဖြေ။ နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်နိုင်ငံခရီးစဉ်က အာဆီယံနိုင်ငံထဲမှာဆိုရင် ဒါက တတိယမြောက်နိုင်ငံကို သွားရောက်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခြားခရီးစဉ်တွေကို သွားတဲ့အခါမှာလည်း ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သဘောသဘာဝတူညီတဲ့ နိုင်ငံတွေကို ဦးစားပေးရွေးချယ်ပြီးတော့ သွားခဲ့တာဖြစ်ပါတယ်။ ဗီယက်နမ်ကတော့ တတိယမြောက်နိုင်ငံပါ။ ဒီခရီးစဉ်မှာ ဗီယက်နမ်နိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ စီးပွားရေးဖိုရမ်တွေလည်း ပြုလုပ်ခဲ့ပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံက ကျွန်မတို့နိုင်ငံနဲ့ အခုမှ ရင်းနှီးမှုတည်ဆောက်တဲ့ သံတမန်ဆက်ဆံရေးရှိတဲ့နိုင်ငံ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာသော သံတမန်ဆက်ဆံရေးဆိုရင် ရှေးရေတုတိုင်ခဲ့ပါပြီ။ အဲဒီမတိုင်ခင်ကလည်း ၁၉၅၄ ခုနှစ်မှာ အရင်ဝန်ကြီးချုပ်ဟောင်း ဦးနု ဗီယက်နမ်နိုင်ငံကို အလည်အပတ် သွားရောက်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာလည်း ဗီယက်နမ်နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး မစ္စတာ ဟိုချီမင်း ကျွန်မတို့နိုင်ငံကို အလည်အပတ် လာရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာပဲ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနကနေပြီးတော့မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို မစ္စတာ ဟိုချီမင်းအား ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ဒါကဘာကိုပြောတာလဲဆိုတော့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးသည် နှစ်ပေါင်းများစွာ တည်ရှိခဲ့တယ်၊ ရင်းနှီးချစ်ကြည်တဲ့ဆက်ဆံရေးလို့ ပြောလို့ရပါတယ်။ အခုခရီးစဉ်ကလည်း ရှိရင်းစွဲ၊ ရှိပြီးသား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှုတွေကို ပိုပြီးတော့ တိုးမြှင့်နိုင်ခဲ့ပါတယ်။ စီးပွားရေးအခွင့်အလမ်းတွေကို ပိုပြီးတော့ ပွင့်လန်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ ၂၀၁၇ တုန်းက MoU ထိုးခဲ့တဲ့ Comprehensive Cooperation Partnership ဟာ လာမယ့်နှစ်ဆိုရင် ၁၀ နှစ်ပြည့်မြောက်ပါပြီ။ အဲဒီအထိမ်းအမှတ်ကိုလည်း ထူးထူးခြားခြားလေး ဆောင်ရွက်သွားဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်တွေ သဘောတူညီခဲ့ပါတယ်။ ဒ့ါအပြင် ဒီ ၁၀ နှစ်ပြည့်ပြီးနောက်ပိုင်းမှာလည်း ထူးခြားတဲ့အစီအစဉ်တွေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်။ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့လည်း မြန်မာနိုင်ငံကို ဗီယက်နမ်သမ္မတကြီး လာရောက်လည်ပတ်ဖို့အတွက် ဖိတ်ကြားခဲ့ပါတယ်။ ဒီခရီးစဉ်က သံတမန်ရေးအရရော၊ စီးပွားရေးအရရော၊ ပြည်သူအချင်းချင်း ရင်းနှီးဆက်ဆံမှု ဒါတွေကို မြှင့်တင်ဖို့အတွက်ရော ကျွန်မတို့ အများကြီးဆွေးနွေးနိုင်ခဲ့တဲ့ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုလို့ သုံးသပ်နိုင်ပါတယ်။

**မေး။ နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်မှာ နိုင်ငံအတွက် စီးပွားရေး၊ ကုန်သွယ်ရေးအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသလဲ။**

ဖြေ။ ဒီနေ့မနက်ပဲ စီးပွားရေးဖိုရမ် လုပ်ခဲ့ပါတယ်။ စီးပွားရေးဖိုရမ်မှာဆိုရင် မြန်မာနိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင်နဲ့ ဗီယက်နမ်နိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ဒီဖိုရမ်မှာပဲ နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ပြောတဲ့အခါမှာလည်း မြန်မာနိုင်ငံဘက်ကို လာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံမယ့်၊ ကုန်သွယ်မှုတိုးမြှင့်မယ့်ကိစ္စတွေမှာ ကျွန်မတို့ဘက်က ဘာတွေလုပ်ပေးနိုင်မလဲ။ နောက်တစ်ခါ နိုင်ငံကနေပြီးတော့မှ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ပြန်လည်ထွက်ခွာသွားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ သူတို့ကရော ဘာကြောင့် ပြန်ပြီးထွက်ခွာသွားတာလဲ၊ သူတို့မှာ ဘာအခက်အခဲတွေရှိလဲ၊ ဘာအကန့်အသတ်တွေရှိလဲ၊ ကျွန်မတို့ ဘာတွေပြန်ပြီးတော့ ဖြေလျှော့ပေးရမလဲ၊ ဒါတွေအကုန်လုံးကိုလည်း နိုင်ငံတော်သမ္မတကြီးက ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးခဲ့ပါတယ်။ ကျွန်မတို့ဘက်က ဘာတွေဆောင်ရွက်ပေးရမလဲ။ အဲဒီတော့ ဒီနေရာမှာ သတင်းကောင်းကြားခဲ့ရတာက ကျွန်မတို့နိုင်ငံကနေပြီးတော့ ထွက်ခွာသွားတဲ့ အရင်စီးပွားရေးလုပ်ငန်းရှင်တွေ၊ သူတို့ကလည်း ပြန်လာဖို့အတွက်ကို စိတ်ဝင်စားကြောင်း၊ မေးမြန်းနေကြကြောင်း သတင်းကောင်းတွေ ကြားခဲ့ရပါတယ်။ နောက်ထပ် ထပ်ပြီးတော့မှ လာချင်တဲ့၊ ရင်းနှီးမြှုပ်နှံချင်တဲ့ အဖွဲ့တွေလည်းရှိတယ်လို့ သိရပါတယ်။ ဒီနေ့ဆိုရင် B to B MoU ခုနစ်ခု ထိုးနိုင်ခဲ့ပါတယ်။ နောက်တစ်ခါ စီးပွားရေးဖိုရမ်မှာပဲ ဗီယက်နမ်နိုင်ငံရဲ့ ဒုတိယဝန်ကြီးချုပ်က ဘယ်လိုကဏ္ဍတွေမှာ၊ ဥပမာ- စိုက်ပျိုးမွေးမြူရေး၊ Digital Transformation၊ နောက်တစ်ခါ ဓာတ်သတ္တုတူးဖော်ရေး စွမ်းအင်ကဏ္ဍစသည်ဖြင့် ပူးပေါင်းဆောင်ရွက်မယ့်ကဏ္ဍတွေကို အတိအလင်း ချပြသွားပါတယ်။ ဒါဟာ ဆုံးဖြတ်ပြီးသားဖြစ်တဲ့ အနေအထားတွေကို တွေ့ရပါတယ်။ ဒါဟာ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဝမ်းမြောက်ဖွယ် သတင်းကောင်းပဲဖြစ်ပါတယ်။

**မေး။ ဒီခရီးစဉ်က မြန်မာနိုင်ငံနဲ့ အာဆီယံ ဆက်ဆံရေးအတွက် ဘယ်လိုအကျိုးသက်ရောက်မှု ရှိမလဲဆိုတာသိပါရစေ။**

ဖြေ။ အာဆီယံအဖွဲ့ဝင်နိုင်ငံ အခုနောက်ဆုံး တီမောလက်စ်တေနိုင်ငံ ပါဆိုရင် ၁၁ နိုင်ငံ၊ ကျွန်မတို့နိုင်ငံ မပါဘူးဆိုရင် ၁၀ နိုင်ငံပါ။ ၁၀ နိုင်ငံမှာ အခု လာအိုရယ်၊ ထိုင်းရယ်၊ အခု ဗီယက်နမ်ရယ် သုံးနိုင်ငံ သွားရောက်ပြီးပါပြီ။ နောက် မကြာခင်မှာပဲ ကမ္ဘောဒီးယားနိုင်ငံကို သွားမှာဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း တခြားအာဆီယံ Member နိုင်ငံတွေကို သွားဖို့အတွက် အစီအစဉ်ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့သည် အာဆီယံအဖွဲ့အတွင်းမှာ ဒါကထိတွေ့ဆက်ဆံမှုတွေ တဖြည်းဖြည်း တိုးမြှင့်လာတာဖြစ်ပါတယ်။ အဲဒီတော့ ဒီခရီးစဉ်က ကျွန်မတို့ မြန်မာနဲ့ ဗီယက်နမ် နှစ်နိုင်ငံ ထိတွေ့ဆက်ဆံမှုတိုးမြှင့်တာ၊ ဒါတင်မကဘဲနဲ့ ဒါကအာဆီယံ Member နိုင်ငံတွေနဲ့လည်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်တာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဗီယက်နမ်နိုင်ငံနဲ့ ကျွန်မတို့နိုင်ငံဆိုရင် ပွင့်ပွင့်လင်းလင်းနဲ့ ဆက်ဆံတဲ့ ပွဲတစ်ခုလို့လည်း ပြောလို့ရပါတယ်။ အဲဒီတော့ အာဆီယံ Member Countries တွေထဲမှာ ထိတွေ့ဆက်ဆံမှုကို တစ်ဆင့်မြှင့်တင်လိုက်ခြင်းလို့ ကျွန်မတို့ ပြောလို့ရပါတယ်။

**မေး။ ဗီယက်နမ်နိုင်ငံရဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့အပေါ်မှာ မြန်မာနိုင်ငံအနေနဲ့ရော ဘာတွေအတုယူစရာရှိမလဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ အရင်တုန်းကတော့ ဗီယက်နမ်ဆိုတာ ကျွန်မတို့လိုပဲ CLMV လေးနိုင်ငံထဲမှာ ပါပါတယ်။ သိပ်ပြီး မကွာခြားခဲ့ပါဘူး။ သို့သော်လည်း




နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး
ဒေါက်တာ ခိုင်ခိုင်စိုး

အခုသွားကြည့်လိုက်တဲ့အချိန်မှာတော့ ဗီယက်နမ်နိုင်ငံက အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့ရပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံသည် ကျွန်မတို့နိုင်ငံလိုပဲ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံပါ လူဦးရေများပါတယ်။ ကျွန်မတို့ထက် လူဦးရေများပါတယ်။ သို့သော်လည်း ဧရိယာအကျယ်အဝန်းက ကျဉ်းပါတယ်။ အဲဒီတော့ ရှိတဲ့မြေမှာပဲ စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းပညာ၊ နောက်ပြီး အားသာချက်တစ်ခုကတော့ သုတေသန၊ ဒါတွေနဲ့ သူတို့ဆောင်ရွက်သွားတယ်။ ဖွံ့ဖြိုးတိုးတက်အောင်၊ စက်မှုနိုင်ငံဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွားတာကို တွေ့ရပါတယ်။ အဲဒီတော့ ဗီယက်နမ်နိုင်ငံကို လေ့လာကြည့်တဲ့အချိန်မှာ နံပါတ်တစ်အချက်က မြေလွတ်မြေရိုင်း မရှိဘူး၊ ရှိတဲ့မြေပေါ်မှာ အကုန်လုံး စိုက်ပျိုးမွေးမြူရေးကို အပြည့်အဝလုပ်ထားတယ်။ နောက်တစ်ခုကတော့ ဗီယက်နမ်ရဲ့ အားသာချက်သည် လူတိုင်းအလုပ်လုပ်ပါတယ်။ ကျွန်မတို့ Labour force participation rate အလွန်မြင့်ပါတယ်။ နောက်တစ်ခုကတော့ သူတို့လည်း ကျွန်မတို့လိုပဲ အတားအဆီးတွေ၊ အကန့်အသတ်တွေနဲ့ ကြုံခဲ့ရတဲ့နိုင်ငံ၊ Sanction တွေ ထိခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ သို့သော်လည်း တစ်ခါတည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်လို့ ဆောင်ရွက်ခဲ့ကြတယ်။ အခြေအနေတွေ၊ အခက်အခဲတွေကို Blame မလုပ်ဘဲနဲ့ တစ်ဦးချင်းစီကနေပြီးတော့ အားသွန်ခွန်စိုက် ကြိုးစားခဲ့တဲ့အတွက် ဒီဆယ်စုနှစ် တစ်စု၊ နှစ်စုစာ ကာလအတွင်းမှာပဲ ဗီယက်နမ်နိုင်ငံက အရှိန်အဟုန်နဲ့ တိုးတက်လာတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံနဲ့ ခုနက ဗီယက်နမ်တို့ ယှဉ်မယ်ဆိုရင် မြေနေရာတွေ အကျယ်ကြီးရှိပါတယ်၊ ကောင်းမွန်တဲ့ ရာသီဥတုတွေရှိပါတယ်၊ ၁၂ လရာသီပတ်လုံး စိုက်ပျိုးနိုင်တဲ့ မြေတွေ၊ ရာသီဥတုအနေအထားတွေ ရှိပါတယ်။ ဒီလိုအနေအထားတွေနဲ့ ဗီယက်နမ်နိုင်ငံက အခု တိုးတက်လာတဲ့ နည်းပညာတွေ၊ သူတို့ရဲ့ သုတေသနလုပ်ငန်းတွေ ဒါတွေကို ပေါင်းစပ်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် နှစ်နိုင်ငံလုံးအတွက် Win-win situation ရနိုင်ပါတယ်။

**မေး။ ဒေသတွင်း ပထဝီစီးပွားရေးအရ မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုက ဘယ်လိုမဟာဗျူဟာ အရေးပါမှုတွေရှိမလဲဆိုတာ သိပါရစေ။**

ဖြေ။ ဗီယက်နမ်နိုင်ငံက ဒီအရှေ့အာရှ၊ အာရှအရှေ့ခြမ်း၊ နောက်တစ်ခါ ပစိဖိတ်သမုဒ္ဒရာဘက် သူတို့နဲ့အဆက်အသွယ်ရှိသလို ကျွန်မတို့နိုင်ငံသည်လည်း အနောက်အာရှ၊ အာရှရဲ့ အနောက်ဘက်ခြမ်း၊ တောင်အာရှ၊ နောက်တစ်ခါ ဒီဘက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက် နှစ်ခု ရှိနေပါတယ်။ အဲဒီတော့ ဒီနှစ်နိုင်ငံကို ချိတ်ဆက်မယ်၊ နဂိုကလည်း လမ်းကြောင်းတွေရှိပြီးသားပါ၊ ဗီယက်နမ်ကနေ လာအိုရှိမယ်၊ လာအိုကနေ ထိုင်းရှိမယ်၊ အဲဒီကတစ်ဆင့် ကျွန်မတို့နိုင်ငံ ရှိပြီးသားလမ်းကြောင်းတွေ ရှိပါတယ်၊ ထပ်ပြီးတော့ ဆက်သွယ်ရမယ့်လမ်းကြောင်းတွေလည်း ရှိပါတယ်။ တကယ်လို့သာ ဒါကို ချိတ်ဆက်နိုင်မယ်ဆိုရင် အာရှအရှေ့ခြမ်းနဲ့ အနောက်ခြမ်း ဆက်သွယ်ပေးနိုင်တဲ့ Transit trade လုပ်နိုင်မယ့် အနေအထားမျိုး ရှိပါတယ်။ ဒါကို နိုင်ငံတော်သမ္မတကြီးကလည်း ဒီအနေအထားကို ဗီယက်နမ်သမ္မတကြီးကို မြေပုံနဲ့တကွ အသေအချာ ရှင်းလင်းပြီးတော့ ဆွေးနွေးခဲ့ပါတယ်၊ ချပြခဲ့ပါတယ်။ ဗီယက်နမ်သမ္မတကြီးကလည်း ဒါကို အလွန်စိတ်ဝင်စားပြီးတော့မှ Study တွေ လုပ်ရမယ်၊ ဒါကို Research တွေ လုပ်ရမယ်၊ ဒီလို ဆက်သွယ်ရေးလမ်းကြောင်းတွေ ပေါ်လာမယ်ဆိုရင် နှစ်နိုင်ငံအတွက် ဘယ်လိုအကျိုးရှိနိုင်မလဲဆိုတာကို လေ့လာဖို့အတွက်ကို အကြမ်းဖျင်း သဘောတူညီခဲ့ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံ ဆက်ဆံရေး၊ ဒီလိုလမ်းကြောင်းတွေ ဖောက်ထားခြင်းသည် နှစ်နိုင်ငံအတွက် သာမဟုတ်ပါဘူး၊ ကျွန်မတို့ ဒေသတွင်းနိုင်ငံ၊ ဒီနှစ်နိုင်ငံအကြားမှာရှိတဲ့ နိုင်ငံတွေ၊ မဲခေါင်ဒေသ၊ အနောက်ခြမ်းနဲ့ အရှေ့ခြမ်း ဒါတွေအားလုံးသည် Regional ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ဗီယက်နမ်ခရီးစဉ်ရဲ့ အဓိက ရလဒ်အနေနဲ့က ဘာဖြစ်မလဲဆိုတာသိပါရစေ။**

ဖြေ။ ဗီယက်နမ်ခရီးစဉ် အဓိကရလဒ်ကတော့ သုံးချက်ပါပဲ။ နံပါတ်တစ်ကတော့ ရှိရင်းစွဲ ရှိပြီးသား ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှု အဲဒါကို ပိုပြီးတော့ ခိုင်မာအောင် လုပ်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းပါ။ နှစ်ဖက် သေသေချာချာဆွေးနွေးခဲ့တယ်၊ ရရှိနိုင်မယ့်အနေအထားတွေ၊ ပူးပေါင်းဆောင်ရွက်ရင် ရရှိနိုင်မယ့် အကျိုးအမြတ်တွေ၊ ဒါ Win-Win situation၊ နောက်တစ်ခုကတော့ ဒေသတွင်း၊ နောက်တစ်ခါ ကမ္ဘာ့မျက်နှာစာမှာ အပြန်အလှန် ထောက်ပံ့မယ်၊ ကူညီမယ်၊ အားပေးမယ်။ အဲဒီတော့ ဗီယက်နမ်ဘက်ကလည်း ကျွန်မတို့ဘက်ကို အာဆီယံမျက်နှာစာမှာရော ကမ္ဘာ့မျက်နှာစာမှာပါ အပြည့်အဝ ကျွန်မတို့ရဲ့ ရပ်တည်ချက်ကို ထောက်ခံပါတယ်ဆိုပြီး ပြောခဲ့တယ်။ ကျွန်မတို့ဘက်ကလည်း ဗီယက်နမ်ကို အပြည့်အဝထောက်ခံသွားမယ်။ အဲဒီတော့ နိုင်ငံရေးအရ၊ သံတမန်ရေးအရ၊ စီးပွားရေးအရ အောင်မြင်တဲ့ ခရီးစဉ်လို့ ပြောနိုင်ပါတယ်။

**မေး။ နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ် တစ်ခုလုံးကို ခြုံပြီးပြောရရင် အဓိကရလဒ်က ဘယ်လိုပြောလို့ရနိုင်ပါသလဲ။**

ဖြေ။ အဓိကရလဒ်ကတော့ နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်မှု အဲဒါကို ပိုပြီး ခိုင်မာစေခဲ့ပါတယ်။ နောက်တစ်ခုကတော့ စီးပွားရေးအရ အခွင့်အလမ်းတွေ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ နှစ်နှစ်တာ သံတမန်ရေးအရ အချိန်ဇယားပါ၊ သံတမန်အချိန်ဇယား ပေါ်ထွက်လာခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့ ဘာတွေဆောင်ရွက်မယ်။ ဒါတွေရဲ့ ရလဒ်တွေအားလုံးသည် ကျွန်မတို့ ပြည်သူပြည်သားတွေအတွက် အကျိုးကို လက်တွေ့ဖော်ဆောင်ဖို့ ဘာတွေဆောင်ရွက်မယ်ဆိုတဲ့ လမ်းကြောင်းရရှိခဲ့ပါတယ်။ **(သတင်းအဖွဲ့)**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ပြည်ပနိုင်ငံသား နှစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိဆိုက်များ အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့သည့် တရုတ်နိုင်ငံသား တစ်ဦးနှင့် နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦးတို့အား ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက် အထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၉ ဦးကို ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။ လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၈၁ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၀ တို့ကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့သည့် မြိတ်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဝင် တစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့

တနင်္သာရီ စက်တင်ဘာ ၆



တနင်္သာရီ တိုင်းဒေသကြီး မြိတ်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည် တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များ၊ ထောက်ပံ့ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများကို မြိတ်မြို့မှ တနင်္သာရီမြို့သို့ သွားရောက် ပေးအပ်ခြင်းနှင့် ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းက တနင်္သာရီမြို့မှ မြိတ်မြို့သို့အပြန်တွင် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုခံရကာ တစ်ဦးဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ မြိတ်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည် လုပ်ငန်းများ ဆောင်ရွက်ပြီး တနင်္သာရီမြို့မှ မော်တော်ယာဉ်များဖြင့် မြိတ်မြို့သို့ အပြန် တနင်္သာရီမြို့နယ် ရမ်းဖိုကျေးရွာ အထွက် ကမ်းတိုကျေးရွာ လမ်းကွေ့နေရာ အရောက်တွင် ကမ်းတိုကျေးရွာ မြစ်တစ်ဖက်ကမ်းမှ အကြမ်းဖက်အဖွဲ့သည် လက်နက်များဖြင့် ပစ်ခတ်ခဲ့သဖြင့် မြိတ်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင် တစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

ဒဏ်ရာရရှိခဲ့သူသည် ဝဲဘက်လက်မောင်း ကျည်ဖောက်ဝင်/ဖောက်ထွက်၊ ဝဲနံစောင်း ဖောက်ဝင် တစ်ချက် (စိုးရိမ်ရ)ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး မြိတ်မြို့ရှိ အမှတ်(၅/၁၀၀) တပ်မတော်ဆေးရုံ အရေးပေါ်ကုသဆောင်တွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူခဲ့ကာ ယနေ့တွင် မြိတ်ပြည်သူ့ဆေးရုံ အရေးပေါ် ကုသဆောင်၌ အတွင်းလူနာအဖြစ် ပြောင်းရွှေ့ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၈)အစုန် DEMU ရထားတွဲဆိုင်းအား ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၆

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီ ၄၁ မိနစ်တွင် အမှတ်(၈)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ခရီးဆုံးဘူတာဖြစ်သည့် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိပြီး ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရထားတွဲဆိုင်းအား သိမ်းယူရန် မြို့ပတ်ဒီဇယ် စက်ခေါင်းရုံ(အင်းစိန်)သို့ ထွက်ခွာစဉ် ကြည့်မြင်တိုင်ဘူတာအဝင် မိုင်တိုင် (၃/၁၀) နှင့် မိုင်တိုင် (၃/၁၁) အကြား ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရထားဖြတ်သန်းစဉ် ဘုန်းကြီးကျောင်းလမ်းကူးမှ လူတစ်ဦးက ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ အထက်တန်းတွဲ DEMU (U) 5020 ၏ ခုံအမှတ် 3A နှင့် 3B အကြား ပြတင်းတံခါးဘေးလေကာမှန် နှစ်လက်မခန့် ပေါက်ထွက်ကြေမွကွဲအက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဦးစွာ အခင်းဖြစ်ပွားရာသို့ စစ်ဆေးခဲ့ပြီး တရားခံအား ဖမ်းဆီးရမိရေးအတွက် CCTV မှတ်တမ်းအရ လှည့်ကင်း၊ ဝပ်ကင်းများဖြင့် ဝိုင်းပတ်ပိတ်ဆို့ပြီး ရထားသံလမ်းတစ်လျှောက် ရှာဖွေခဲ့ရာ ယနေ့ နံနက် ၃ နာရီတွင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်းရှိ အလုံမြို့နယ် အလုံဘူတာနှင့် ရှမ်းလမ်းဘူတာအကြား ရထားလမ်းဘေး မြောင်းအဖုံးပေါ်တွင် အိပ်နေသူ တင်ထွန်း (ခ) ဂနေးစား (အသက်(၄၁)နှစ်) (ဘ) ဦးမန်းနီး ဆင်မင်းလမ်း ဆင်မင်းရပ်ကွက် အလုံမြို့နယ်နေသူအား CCTV မှတ်တမ်းဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ တူညီမှုရှိသဖြင့် ၎င်းအား ဖမ်းဆီးခေါ်ဆောင်၍ စမ်းချောင်းမြို့မရဲစခန်း၌ (ပ)၃၆၁/၂၀၂၆၊ ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေ ပုဒ်မ(၈၄)ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ထားပြီး ထပ်မံစစ်ဆေးခဲ့ရာ စက်တင်ဘာ ၄ ရက်က အလားတူ ဖြစ်ပွားခဲ့သည့် အမှတ် (၈)အစုန် DEMU ရထား၏ပထမတန်းတွဲအား ခဲဖြင့်ပစ်ပေါက်ခဲ့သည့် အမှုပါပေါ်ပေါက်ခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ အနှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များ အသီးသီးချမှတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၊ Grand Royal စက်ရုံတွင် မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မီးဘေးလုံခြုံရေးစစ်ဆေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ မန္တလေး (၆)မြို့နယ်မှ မီးသတ်ဦးစီးမှူးများ အပါအဝင် သန္ဓေ ၁၅ ဦးဖြင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**(၀၇၅)**

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ပါးမား | ၁ | - | ၁ | မွန်ဇာ |
| ဖရိုစီနုံနီ | ၃ | - | ၂ | ပင်နီဇီယာ |
| ဘိုလော့ဂ်နာ | ၂ | - | ၂ | ဆက်ဆူအိုလို |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၀ | - | ၅ | ဘာစီလိုနာ |
| အလာဗက်စ် | ၅ | - | ၂ | အိုဆာဆူနာ |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၂ | - | ၂ | မန်ယူ |
| အာဆင်နယ် | ၂ | - | ၁ | ချဲလ်ဆီး |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဟမ်းဘတ် | ၀ | - | ၅ | မိန့်ဇ် |
| ဖရန့်ဖတ် | ၁ | - | ၄ | အော့စ်ဘတ် |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ထရိုင်းယက်စ် | ၂ | - | ၆ | စထာရာဘော့စ် |
| အန်ဂါးစ် | ၁ | - | ၂ | ရင်းနက်စ် |

**အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဘာမင်ဂမ် | ၂ | - | ၂ | ဝုဖ် |



# နိုင်ငံတကာ အားကစား သတင်းများ



## ဂျိုးရိုဒွန် တံကောက်ကြောဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၆**

လိဒ်စ်အသင်း နောက်ခံကစားသမား ဂျိုးရိုဒွန် တံကောက်ကြောဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လိဒ်စ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂျိုးရိုဒွန် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လိဒ်စ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဂျိုးရိုဒွန်သည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ)(NGB)

## မီဇာကာတိုပစ် စတုဂတ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**မြူးနစ် စက်တင်ဘာ ၆**

စတုဂတ်အသင်းသည် အသင်းကွင်းလယ်ကစားသမား မီဇာကာတိုဗစ်ကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် စတုဂတ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

စတုဂတ်အသင်း၏ထုတ်ပြန်ချက်တွင် "မီဇာကာတိုဗစ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ သူဟာအနာဂတ်မှာ ထွန်းတောက်လာမယ့် ကစားသမားတစ်ဦးဖြစ်လာမှာပါ။အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးမယ့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)

## ဝိုင်နယ်ဒမ်ကို ခေါ်ယူရန် ချဲလ်ဆီးအသင်း ကမ်းလှမ်း


**လန်ဒန် စက်တင်ဘာ ၆**

ချဲလ်ဆီးအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်ကွင်းလယ်ကစားသမား ဝိုင်နယ်ဒမ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဖီယင်နူ၊ ပီအက်စ်ဗွီ၊ လီဗာပူး၊ နယူးကာဆယ်၊ ပီအက်စ်ဂျီ၊ ရိုးမား၊ အယ်လ်အစ်တီဖတ်စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား ဝိုင်နယ်ဒမ်ကိုယ်တိုင်ကလည်း ချဲလ်ဆီးအသင်း ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဝိုင်နယ်ဒမ်ကို ချဲလ်ဆီးအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ယန်ဂျီဘိုဟိုကို ကိုဗင်ထရီအသင်း ခေါ်ယူ


**လန်ဒန် စက်တင်ဘာ ၆**

ကိုဗင်ထရီအသင်းသည် တူးလော့စ်အသင်း ကွင်းလယ်ကစားသမား ယန်ဂျီဘိုဟိုကို ကာလရှည်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် တူးလော့စ်အသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲစုံ ၇၉ ပွဲကစားကာ ၁၆ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ကိုဗင်ထရီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ယန်ဂျီဘိုဟိုက "ကျွန်တော် ကိုဗင်ထရီအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ" ဟု ပြောသည်။

(NGB)



## မာမာဒူဆန်ဂါရေး ဘရန့်ဖို့ဒ်အသင်းတွင်သာ ဆက်ရှိသွားမည်

**လန်ဒန် စက်တင်ဘာ ၆**


ကွင်းလယ်ကစားသမား မာမာဒူဆန်ဂါရေး အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဘရန့်ဖို့ဒ်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ဘရန့်ဖို့ဒ်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်း၏ထုတ်ပြန်ချက်တွင် "မာမာဒူဆန်ဂါရေး အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ။ သူကိုယ်တိုင်လည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)(NGB)

## မားကို့စ်လိုရန့်တီ လက်ရွေးစင်ကစားသမားဘဝမှ အနားယူ



**မက်ဒရစ် စက်တင်ဘာ ၆**

နောက်ခံကစားသမား မားကို့စ်လိုရန့်တီသည် နိုင်ငံအသင်းဖြစ်သည့် စပိန်လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၀ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲ ၂၇ ပွဲကစားပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သလို အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလား ချန်ပီယံဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

အသက်(၃၁)နှစ်အရွယ်ရှိ မားကို့စ်လိုရန့်တီက "ကျွန်တော် လက်ရွေးစင် ကစားသမားဘဝမှ အနားယူပါပြီ။လက်ရွေးစင်အသင်းနဲ့အတူ ကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ" ဟု ပြောသည်။ (NGB)

## ရိုးမားအသင်းက အတ္တလန်တာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



**တူရင် စက်တင်ဘာ ၆**

စီးရီးအေပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရိုးမားအသင်းနှင့် အတ္တလန်တာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရိုးမားအသင်းက အတ္တလန်တာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရိုးမားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၉၀တွင် မာရီယိုဟာမိုဆို၊ ပွဲချိန် (၉၀+၃) မိနစ်တွင် ဆူးလီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရိုးမားအသင်းသည် စီးရီးအေပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၄ရက်တွင် တိုရီနိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

(NGB)

## 2026 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Jessica Pegula တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၆**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အိမ်ရှင်အမေရိကန်တင်းနစ်မယ် Jessica Pegula တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Jessica Pegula သည် 2026 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ကနေဒါတင်းနစ်မယ် Leylah Fernandezကို ၁-၆၊ ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်မယ် Jessica Pegula နှင့် ရိုမေးနီးယားတင်းနစ်မယ် Sorana Cirstea တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၇-၉-၂၀၂၆ တနင်္လာနေ့ | ညနေ ၃း၃၀ နာရီ | ISPE - မဟာယူနိုက်တက် | ISPE ၁-၀ မဟာယူနိုက်တက်<br>မဟာယူနိုက်တက် ၄-၁ ISPE |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၇-၉-၂၀၂၆ ည ၁၁း၀၀ နာရီ | ကက်ဂလီယာရီ - လက်ချီ | ကက်ဂလီယာရီ ၀-၂ လက်ချီ<br>လက်ချီ ၁-၂ ကက်ဂလီယာရီ |
| ၈-၉-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | အူဒီးနီးစ် - လာဇီယို | အူဒီးနီးစ် ၁-၁ လာဇီယို<br>လာဇီယို ၃-၃ အူဒီးနီးစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၇-၉-၂၀၂၆ ည ၁၁း၃၀ နာရီ | ဂီတာဖေး - ဆဲလ်တာဗီဂို | ဂီတာဖေး ၀-၀ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၀-၂ ဂီတာဖေး |
| ၈-၉-၂၀၂၆ နံနက် ၀၂း၀၀ နာရီ | အယ်လ်ချီ - ဆိုစီဒက် | အယ်လ်ချီ ၁-၁ ဆိုစီဒက်<br>ဆိုစီဒက် ၃-၁ အယ်လ်ချီ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၆၂၁ ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၁၆ ခုနှစ်၊ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၆၂၁ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမကျောင်းတိုက်၊ ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြုသော သံဃာတော် ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမကျောင်းတိုက်၊ ရတနာပုံကျောင်း ဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းရခြင်းအကြောင်းအရင်းနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမကျောင်းတိုက်၊ ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးက သင်္ကန်း၊ နဝကမ္မဝတ္ထုငွေများနှင့် ဆွမ်းဆန်တော်၊ ဆား၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲလှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရထံ အမှူးပြုသော ဆရာတော်၊ သံဃာတော်များထံသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်္ကန်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်ထံက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး နေ့ဆွမ်းများ ဆက်ကပ်ခဲ့သည်။

ယနေ့ပြုလုပ်သောလှူဒါန်းမှု၌ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရတို့တွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ (၄၃၇၄၇)ပါး၊ သီလရှင်ဆရာကြီး၊ ဆရာလေး(၅၈၇၄)ပါး စုစုပေါင်း (၄၉၆၂၁)ပါးတို့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆွမ်းဆန်တော်(၄၁၃၅)အိတ်၊ ဆီ(၁၂၄၀၆)ပိဿာ၊ ကြက်သွန်နီ(၁၂၄၀၆)ပိဿာ၊ ကုလားပဲ(၁၂၄၀၆)ပိဿာ၊ ဆား(၅၀၀)ပိဿာ၊ (စုစုပေါင်း တန်ဖိုးငွေကျပ် ၈၃၂၁၇၃၀၀၀)တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေး အလံပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရ



အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ၄ ရက်တိုင် ကျင်းပခဲ့ရာ ဘာသာရပ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်သူ စုစုပေါင်း(၅၃၂)ဦးရှိခဲ့ပြီး ပထမဆုရရှိသူများကို ရွေးချယ်၍ နေပြည်တော်တွင် ကျင်းပမည့် ဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ပါကြောင်း၊ စခန်းသွင်းလေ့ကျင့်စဉ်ကာလနှင့် ပြိုင်ပွဲကျင်းပစဉ်ကာလများအတွင်း ကျန်းမာရေးကို အထူးဂရုပြုသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို တိုင်းဒေသကြီးအဆင့်တွင် သက်ဆိုင်ရာဘာသာရပ်အလိုက်ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပြီးနောက် ပထမဆုရရှိသူများမှ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် ဒိုင်အဖြစ် ဆောင်ရွက်ပေးသော ပညာရှင်အဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများချီးမြှင့်ပြီးနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)သို့ သွားရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့အုပ်ချုပ်သူထံ အောင်နိုင်ရေးအလံပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

★ စာမျက်နှာ ၂၄ မှ

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံး ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ရွှေစာရံစေတီတော်မြတ်ကြီး ရွှေထီးတော်အသစ် တင်လှူပွဲကျင်းပနိုင်ရေး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**ပုသိမ်ကြီး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာရှိ သမိုင်းဝင်သစ္စာမိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး ရွှေထီးတော်အသစ် တင်လှူပွဲကျင်းပနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါဘုရားရှိ အာဂန္တုက သာလာဆောင်၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ဥတ္တမ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တက်ရောက်လာသူများက နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဥတ္တမက ရွှေထီးတော်တင်လှူပွဲကို တန်ဆောင်မုန်းလဆန်း ၁၁၊ ၁၂၊ ၁၃ ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ပွဲတော်မတိုင်ခင် အကြိုတရားပွဲ သုံးညထည့်သွင်းကျင်းပမည်ဖြစ်ကာ ရွှေထီးတော်ကြီးအား ပုသိမ်ကြီးမြို့ပေါ်သို့ လှည့်လည်အပူဇော်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများအနေဖြင့် လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ကြရန် မိန့်ကြားခဲ့သည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ရွှေရန်ကင်း**


## Mandalay Convention Centre (MCC) နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (တ-၇/ခ)၊ ဦးပိုင်အမှတ်(၂)ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် Mandalay Convention Centre (MCC) အား ၁-၁၀-၂၀၂၅ရက်နေ့မှစ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တိုက်ရိုက်စီမံခန့်ခွဲပြီး ငလျင်ကြောင့် ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်လျက်ရှိပါသည်။ Mandalay Convention Centre (MCC)နှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ အငှားချထားခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်းများ မပြုထားပါကြောင်းနှင့် **Mandalay Convention Centre (MCC)နှင့်ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စရပ်များရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့သာ** တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**


## အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့အထိမ်းအမှတ် Talk Show ဆောင်ရွက်

**သရက် စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ကို ယမန်နေ့ နံနက် ၁၀ နာရီက သရက်ခရိုင် ပြည်သူ့စာကြည့်တိုက်၊ Community Centre ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ Talk Show တွင် သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျွမ်းကျင်-၃ ရုပ်သံဒေါ်ဇာခြည်လွင်နှင့် သရက်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နေရည်ထက်တို့က အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ဖြစ်ပေါ်လာပုံအကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သောပြဿနာများအကြောင်း၊ လေထုညစ်ညမ်းမှု လျှော့ချနိုင်မည့်နည်းလမ်းများ အကြောင်းတို့ကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရပ်စောက် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် လာမည့် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအား ဖြင့် စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီက ရပ်စောက်မြို့ရှိ မြို့လုံးချမ်းသာ လျောင်းတော်မူဘုရားကြီး ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်ရာတွင် ရပ်စောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်းသိန်းဦးစီး၍ တပ်ဖွဲ့ဝင်များ၊ ရဲမိသားစုဝင်များ စုစုပေါင်းအင်အား ၅၀ ဦးဖြင့် ဘုရားပရိဝုဏ်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ပင်များ ရိတ်ခြင်း၊ အမှိုက်သရိုက်များ ကောက်ယူသိမ်းဆည်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုသည် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလှုပ်ရှားမှုတစ်ရပ်ဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၅)**



# ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်နှင့် ဘာသန္တရ

နွေးထွေး(ပုသိမ်ကြီး)

ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်သည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ၊ မန္တလေး-ပုသိမ်ကြီး၊ ၁၉လမ်းမကြီး၏ ဘေးတွင် ခံ့ခံ့ညားညား၊ ဝင့်ဝင့်ကြွားကြွား၊ ထည်ထည်ဝါဝါ ရှိနေသော 'ဗုဒ္ဓတက္ကသိုလ်' ဖြစ်ပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်မှာ ဒေါက်တာဘဒ္ဒန္တဇောတိက (B.A , M.A , Ph.D သီရိလင်္ကာ) ရဟန်းစာဆိုတော် ဥယျာဉ်မှူး(ရန်ကင်းတောင်)ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မဟာနာယကကျောင်းတော်ကြီး ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့မှ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ (၃-၈-၂၀၂၆)ရက်စွဲပါ စာအမှတ်-၀၂/၀၅/သာ, ထွေ /(၂၄၈)၊ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ပဋ္ဌမအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ 'ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်'ကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုရန် သင့်၊မသင့် သဘောထားမှတ်ချက်ပေးရန် တင်ပြခြင်းနှင့်စပ်လျဉ်း၍ (၁၈-၇-၂၀၂၆)ရက်တွင် ကျင်းပသော နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ပဋ္ဌမအစည်းအဝေးက အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်။

**ဆုံးဖြတ်ချက်များ–**

(က) ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်အား ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုရန်။

(ခ) လာမည့် အနီးကပ်ဆုံး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေး၌ တက္ကသိုလ်အသိအမှတ်ပြုလွှာ ဆက်ကပ်သွားရန်။

(ဂ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အသိအမှတ်ပြုထားသော 'ဗုဒ္ဓတက္ကသိုလ်'အနေဖြင့် စာတမ်းဖတ်ခြင်း၊ ကျမ်းပြုခြင်း (Term Paper , Thesis) စသော တက္ကသိုလ်ပညာရေးဆောင်ရွက်မှုများကို 'စာတမ်း၊ ကျမ်း'များနှင့်အတူ ခြောက်လတစ်ကြိမ် အစီရင်ခံစာနှင့် အပြည့်အစုံ တင်ပြရန်။

'ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်'ကို စတင်တည်ထောင်သူ (FOUNDER)၊ တည်ဆောက်သူမှာလည်း ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဇောတိက ဖြစ်ပါသည်။ တက္ကသိုလ်မတည်ထောင်မီ ၁၉၉၀ ပြည့်နှစ်တွင် စာသင်သံဃာ ၅၆ ပါးဖြင့် ဥယျာဉ်ပရိယတ္တိစာသင်တိုက်ကို စတင်၍ အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါသည်။ ထိုအချိန်က ပင်မနှစ်ထပ်ကျောင်းဆောင်နှင့် ကျောင်းဆောင်ငယ်တစ်ခုသာ ရှိခဲ့ပေသည်။ ဆရာတော် ဦးဇောတိက၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကြောင့် ပညာပါရမီလေးထပ်ကျောင်းတော်ကြီး အပါအဝင် ကျောင်းဆောင် ၁၁ ဆောင်အထိ တိုးပွားဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီး နှစ်စဉ်ဝါဆိုသံဃာတော် ၄၀၀ ကျော်အထိ ရှိနေပါသည်။

ဥယျာဉ်ပရိယတ္တိစာသင်တိုက်သည် ပရိယတ္တိစာပေများကို အခြေခံမူလတန်း၊ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယတန်း၊ သာမဏေကျော် ပ၊ ဒု၊ တ စသည်ဖြင့် သင်ကြားပို့ချပေးပါသည်။ နှစ်စဉ် စာအောင်သံဃာများကို 'ဆုနှင်းသဘင်' အခမ်းအနားဖြင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းခြင်း ပြုလုပ်ပေးခဲ့ပါသည်။ ပြုလုပ်နေဆဲဖြစ်၍ ဆက်၍ ဆက်၍ ပြုလုပ်သွားမည် ဖြစ်ပါသည်။

ကမ္ဘာ့လူသားများထံအရောက် ဗုဒ္ဓစစ်ငြိမ်းချမ်းရေး တရားစစ်၊ တရားမှန်များ (သို့မဟုတ်) ဗုဒ္ဓ၏ ထေရဝါဒဗုဒ္ဓဘာသာရောက်ဖို့ အဓိကလိုအပ်ချက်မှာ ဘာသာစကား (ဘာသန္တရ၊ LANGUAGE) ဖြစ်သည်ဟု ဆရာတော် ဦးဇောတိက က ခံယူကျင့်သုံးပါသည်။ ထို့ကြောင့် စာသင်တိုက်စတင်ဖွင့်လှစ်စဉ်မှစ၍ 'အင်္ဂလိပ်ဘာသာ'ကို စာသင်သားတိုင်း မသင်မနေရ ပြဋ္ဌာန်းပြီး သင်ကြားပို့ချပေးပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတကာနှင့် ပေါင်းကူးပေးနေသော ဘာသာစကား (International Language) သည် ယနေ့ကာလများတွင် အင်္ဂလိပ်ဘာသာစကားဖြစ်သောကြောင့် သာသနာ့ဝန်ထမ်းရှင်ရဟန်းများအားလုံး အင်္ဂလိပ်စာတတ်မြောက်ကျွမ်းကျင်ရေး ဦးစားပေးခြေလှမ်းအနေဖြင့် စာသင်တိုက်၏ ပဓာန နာယကဆရာတော်ဖြစ်လင့်ကစား အပင်ပန်းခံတော်မူ၍ ကိုယ်တိုင်ကိုယ်ကျ အင်္ဂလိပ်စာကို သင်ပြပေးခဲ့ပါသည်။

ဘာသန္တရကျွမ်းကျင်လျှင် 'ဗုဒ္ဓမြတ်စွာသာသနာ ကမ္ဘာအနှံ့ ပြန့်ရမည် ··· 'ဟူသော ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းခဲ့ လှမ်းနေဆဲ လှမ်းနေဦးမည်ဖြစ်သည်။ ဗုဒ္ဓသည် သတ္တဝါတစ်ဦးတစ်ယောက် လူမျိုးတစ်မျိုးတည်းအတွက်သာ ပွင့်ထွန်းပေါ်ပေါက်လာခြင်းမဟုတ်ပေ။ လူ၊ နတ်၊ တိရစ္ဆာန် သက်ရှိသတ္တဝါအားလုံးအတွက် ပွင့်တော်မူလာရပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို မည်သူပိုင်သည်၊ မည်သည့်လူမျိုးပိုင်သည်ဟု မရှိချေ။

သာသနာ့အံ့ဖွယ် ရှစ်ပါးတွင် မြန်မာ၊ တရုတ်၊ ကုလား စသော လူမျိုးအသီးသီးမှ သာသနာ့ဘောင်သို့ ရဟန်းဝတ်လာခဲ့သော် မြန်မာ၊ တရုတ်၊ ကုလား စသော လူမျိုးကွဲနာမည်များ ပျောက်၍ 'ရဟန်းတော်'ဟူသော တစ်မည်တည်းရသည်ဟု အမိန့်ရှိထားခဲ့သည်။ ယင်းအချက်သည်ပင် ဗုဒ္ဓဘာသာသည် တစ်ဦးတစ်ယောက် တစ်မျိုးပိုင်မဟုတ်ကြောင်း ထင်ရှားစေသည်။

ဗုဒ္ဓဒေသနာတော်ကို လိုက်နာကျင့်သုံးသောသူ မှန်သမျှ ငြိမ်းချမ်းမှုကိုယ်စီရကြသည်။ အယုတ်ဆုံးအားဖြင့် အပါယ်တိရစ္ဆာန်များပင် ကောင်းကျိုးချမ်းသာကို ရရှိသွားကြသည်။ သို့ဖြင့် ဗုဒ္ဓဘာသာကို ကမ္ဘာ့ပညာရှင်အချို့က "GLOBAL RELIGION" ဟုသာ မဆိုတော့ပါပေ။ " UNIVERSAL RELIGION " အထိပင် ဆိုနေကြပေပြီဟု ဆရာတော်ကိုယ်တိုင် ရေးသားသည့် 'ဘာသန္တရနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး' ကျမ်းစာအုပ်မှာ ဖော်ပြထားပါသည်။

၂၀၀၅ ခုနှစ် ဥယျာဉ်ပရိယတ္တိစာသင်တိုက်မှ လောကီ ၁၀ တန်း အင်္ဂလိပ်စာတတ်မြောက်ပြီး စာသင်သား အပါး ၇၀ ကျော်၊ နိုင်ငံခြားဗုဒ္ဓတက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်သင်ယူသူ ရှစ်ပါး မွေးဖွားပေးခဲ့သည်။ အခြားစာသင်တိုက်များသို့ အင်္ဂလိပ်စာကို ဘာသာတစ်ခုအနေဖြင့် ပြဋ္ဌာန်းပြီး သင်ကြားလို၍ဖြစ်စေ၊ အတတ်သင်လို၍ဖြစ်စေ ဆရာလိုအပ်ပါက ပေးပို့ခဲ့နိုင်သည်။

ထိုအချိန်မှစ၍ မုံရွာမြို့ ဇောတိတစ်ထောင်စာသင်တိုက်၊ မန္တလေးမြို့ စိန်ပန်းယာဉ်ပုံပရိယတ္တိစာသင်တိုက်၊ ပလိပ် ဇကရံသီ စာသင်တိုက်နှင့် ရန်ကင်းတောင် ချမ်းမြရံသီ စာသင်တိုက်တို့တွင် အင်္ဂလိပ်စာ မသင်မနေရ ပြဋ္ဌာန်းပြီး သင်ကြားခဲ့ကြသည်။

ဆရာတော်သည် တစ်နိုင်ငံလုံးရှိ အနာဂတ်သာသနာ့ဝန်ထမ်းတိုင်း အင်္ဂလိပ်စာတတ်မြောက်စေရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ၂၀၀၁ ခုနှစ်မှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြေဆိုနိုင်သော စာမေးပွဲတစ်ခုကျင်းပရန် 'ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမကအသင်းကြီး'ကို တည်ထောင်ခဲ့ပါသည်။

ယင်းစာမေးပွဲ၌ ဓမ္မပဒပါဠိတော်၊ သီလက္ခန်ပါဠိတော်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဘိက္ခုပါတိမောက် ဥတ္တမပုရိသဒီပနီ၊ ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏာသုတ်နှင့် မင်္ဂလဒီပနီတို့ကို အတန်းအလိုက် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားပါသည်။

ထိုစာမေးပွဲကျမ်းစာများကို ကျေးဇူးရှင် International Theravada Buddhist Missionary University ဒုတိယပါမောက္ခချုပ် Ph.D ဗန်းမော်ဆရာတော်ကြီး အကြီးအမှူးပြုသော မန္တလေးမြို့ရှိ ဩဝါဒါစရိယဆရာတော်များက ရွေးချယ်သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။ ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမကစာမေးပွဲကို ယနေ့အချိန်ကာလအထိ အောင်မြင်စွာ ကျင်းပဆဲရှိနေပါသည်။ သာမဏေ ရဟန်းတော်များသာမက သီလရှင်ဆရာလေးများလည်း ဖြေဆိုနိုင်သော စာမေးပွဲဖြစ်ပါသည်။

ထို့အပြင် သ၊ စ၊ အ ဓမ္မာစရိယဘွဲ့တစ်ခုခုရထားသော ပုဂ္ဂိုလ်များအတွက် ပါဠိဘာသာမဖြေဆိုရတော့ဘဲ အင်္ဂလိပ်စာ ဘာသာသက်သက်ကိုသာ ဖြေဆိုရသည့် အခွင့်အရေးကို ပေးထားပါသည်။

ဒေါက်တာဘဒ္ဒန္တဇောတိက (Ph.D) ဆရာတော်သည် စာသင်သားများကို အင်္ဂလိပ်ဘာသာ တတ်ကျွမ်းရန် အောက်ဖော်ပြပါ နည်းလမ်းများဖြင့် လမ်းညွှန်သင်ကြားပေးပါသည်-

(၁) အကြား - First Step Listening

(၂) အပြော - Second Step Speaking

(၃) အဖတ် - Third Step Reading

(၄) အရေး - Final Step Writing

မြန်မာစာသင်သား ရဟန်းသံဃာတော်များ ကမ္ဘာ့စာပေတတ်မြောက်လာခဲ့သော် မြန်မာပရိယတ္တိစာသင်တိုက်များက ၂၁ ရာစု စာသင်သားများကို ကမ္ဘာ့စာပေ အင်္ဂလိပ်၊ သချာ ဘာသာများ သင်ကြားပေးပါလျှင် မြန်မာလူမျိုးတို့၏ အနေအထားများသည် ပြောင်းလဲ၍ သွားနိုင်၏။ မြန်မာနိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ကျေးရွာများတွင်သာနေထိုင်ပြီး ဘုန်းကြီးကျောင်းသားအနေဖြင့် စာသင်ယူနေရဆဲ ဖြစ်သည်။

ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ သချာဘာသာ တတ်မြောက်ကြသည့် စာသင်သားရဟန်းများ ကျောင်းထိုင်ဆရာတော်ဖြစ်ချိန်တွင် နောင်တစ်ခေတ်လူငယ်များသည် ကမ္ဘာတွင် ပို၍ ဝင်ဆံ့လာနိုင်မည်ဟုလည်း မိန့်ဆိုပါသည်။

မြန်မာနိုင်ငံတွင် မန္တလေးနှင့် ရန်ကုန် နိုင်ငံတော် ပရိယတ္တိသာသနာတက္ကသိုလ်ကြီးနှစ်ခုကို ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဆရာတော်ကြီးမှ 'ဘာသန္တရ'စကားအား သံဃာတော်များ တတ်ကျွမ်းပြီး ပိဋကတ်တော်တွေ ကမ္ဘာသို့ ပျံ့နှံ့စေရန် ရည်ရွယ်လျက် ဦးဆောင်တည်ထောင်ပေးခဲ့ပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်(University Of Peace) နှင့် ဥယျာဉ်ပရိယတ္တိစာသင်တိုက်ခွဲပေါင်းများစွာကို ဆရာတော် ဦးဇောတိကသည် ဦးဆောင်တည်ထောင်ပါသည်။ သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာ ဗိုလ်ငါးဖြာ ခေါင်းဆောင်ကောင်းအင်္ဂါများနှင့်အညီ လောကီ၊ လောကုတ္တရာ ခေတ်မီစွာ ကမ္ဘာကြည့် ကြည့်မြင် (GLOBAL PERSPECT) ပြီးလျှင် စာသင်၊ စာချ ဆရာတော်များ ဗုဒ္ဓဘာသာဘွဲ့ထူး ဂုဏ်ထူးများကို ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်မှ ရရှိစေတော့မည်ဖြစ်ပေသည်။

မြန်မာမှုနယ်ပယ်မှာ လူငယ်များကို ပန်းကလေးများနှင့် နှိုင်းယှဉ်တင်စား၍ ယုယုယယ ပြုစုပျိုးထောင်ကြပါသည်။ ထို့ကြောင့် လူငယ်၊ လူရွယ်များသည် ပန်းနှယ်နုကြသည်၊ လှကြသည်။ ပန်းနှယ်မွှေးရနံ့သင်း၍ နှစ်သက်စဖွယ် တင့်တယ်ကြပေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်ကြီးနှင့် ဥယျာဉ်ပရိယတ္တိစာသင်တိုက်(ရန်ကင်းတောင်)သည် ပန်းပေါင်းစုံ စာသင်၊ စာချ ရဟန်းသံဃာ သာမဏေများ မွေ့လျော်ရာ သာသနာ့ဥယျာဉ်ကြီးဖြစ်ပါသည်။

'သာသနာ့ချက်ဖွေ ရွှေမန်းမြေ'ဟု ခေါ်ဆိုဂုဏ်မြောက်သည့် ရတနာပုံမန္တလေးမြို့ နန်းတော်ရှေ့ ဦးထိပ်တံခါးမှ အရှေ့စူးစူး ရန်ကင်းတောင်တော်အထိ အမှတ် ၁၉ လမ်းမကြီးသည် ဖြောင့်တန်းကျယ်ဝန်းသော နှစ်လမ်းသွားလမ်းမကြီးဖြစ်ပါသည်။ လမ်းဘေးဝဲ၊ယာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြုစုပျိုးထောင်ထားသော ပန်းအလှပင်များ၊ အရိပ်ရပင်များသည် မြိုင်မြိုင်ဆိုင်ဆိုင် အလှချင်းပြိုင်လျက်ရှိနေကြသည်မှာ ကြည်နူးဖွယ်ရှိလှပေသည်။ ရန်ကင်းတောင်ခြေသို့ ရောက်သောအခါ လမ်းမကြီး၏ ဘယ်ဘက်မှာ 'ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်' ကြီးသို့ ရောက်ရှိနိုင်ပါသည်။ တက္ကသိုလ်၏ဘေးတွင် ဥယျာဉ်ပရိယတ္တိစာသင်တိုက်၊ ဥယျာဉ်ပရိယတ္တိကျောင်းတိုက်များသည် ခံ့ညားသပ်ရပ်စွာ စနစ်တကျရှိနေသည်မှာ ကြီးမားထည်ဝါသော သာသနာ့ဥယျာဉ်ကြီးအသွင် တွေ့မြင်နိုင်ကြပါသည်။

ထိုပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ သာသနာ့ဥယျာဉ်ကြီး၏ ဥယျာဉ်မှူးဆရာတော်သည် ပန်းနှယ် စာသင်သား ရဟန်း၊ သာမဏေများ ရုပ်ပိုင်းရော စိတ်ပိုင်းပါ မထိမိ မခိုက်မိစေရန်နှင့် ဘေးအန္တရာယ်အသွယ်သွယ်မှ ကာကွယ်စောင့်ရှောက်ရုံမျှမက စိတ်ထားအလှ၊ စေတနာအလှ၊ မေတ္တာအလှတို့နှင့် ရေလောင်းပေါင်းသင်းမြေဆွ၍ ပညာပြည့်ဝနလုံးလှခြင်းဖြင့် သင်းပျံ့သောရနံ့ပါ မွှေးကြိုင်အောင် ပြုစုပျိုးထောင်တော်မူသော သာသနာ့ဥယျာဉ်မှူး 'ပန်းများပွင့်စေ၊ မွှေးစေသူ' ဟု ဆိုပါမည်။

ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် (ရန်ကင်းတောင်)သည်လည်း ဘာသန္တရတတ်ကျွမ်းသော ရဟန်းသံဃာတော်များ ဖြစ်ထွန်းပေါ်ပေါက်စေမည် ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာ ကမ္ဘာသို့ ပျံ့နှံ့စေပါမည်။ 'မြတ်ဗုဒ္ဓ၏ အေးမြသော အရိပ်အောက်၌ ကမ္ဘာ့လူသားများအားလုံး ငြိမ်းအေး၊ ငြိမ်းချမ်းကြပါစေသတည်း'။

# စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသီ

စာအုပ်အမည် - သတိရှိရှိ ဘဝနေထိုင်ကျင့်ကြံနည်း
စာရေးသူ - ခင်မေကြည်(စိတ်ပညာ)
ထုတ်ဝေသည့်စာပေတိုက် - ဂျူတီစာပေ
စာမျက်နှာ - ၁၃၀ မျက်နှာ
တန်ဖိုး - ၇၅၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇွန်လ




မူရင်းစာရေးဆရာ Matt Valentine ၏ The Little Book of Mindfulness ကို မြန်မာပြန်ဆိုထားခြင်း ဖြစ်သည်။

ဘာသာရေးကျင့်စဉ် လမ်းညွှန်စာအုပ်ဖြစ်ပြီး ကမ္မဋ္ဌာန်း၊ ဝိပဿနာတို့ကို ကောင်းမွန်စွာ လေ့လာပြီး လက်တွေ့ကျကျ သတိရှိရှိဖြင့် ကျင့်ကြံအားထုတ်နိုင်မည့်စာအုပ် ဖြစ်သည်။

ဘာသာတရားအပေါ် သက်ဝင်ယုံကြည်မှုရှိပြီး လေ့လာအားထုတ်ခြင်းဖြင့် လက်တွေ့အကျိုးရှိကာ သတိတရားလက်ကိုင်ထားနိုင်မည့် နည်းလမ်းကောင်းများကို မျှဝေလမ်းညွှန်ထားသည်။ ဘာသာရေး လေ့လာလိုက်စားသူများအတွက် ဖတ်ရှုသင့်သည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်ပါသည်။

စာအုပ် ၊ စာပေ လူ့မိတ်ဆွေ ။

စာအုပ်အမည် - လူငယ်များအတွက် ငွေရေးကြေးရေး
စာရေးသူ - ခင်မောင်ညို(ဘောဂဗေဒ)
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
စာမျက်နှာ - ၆၉ မျက်နှာ
တန်ဖိုး - ၇၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇွန်လ (ဒုတိယအကြိမ်)

၂၀၁၁ ခုနှစ်တွင် စိတ်ကူးချိုချိုစာပေမှ ပထမအကြိမ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ယခုယင်းမှအတိုင်း ပြန်လည်ပုံနှိပ်ဖြန့်ချိသည်။

မူရင်းစာရေးဆရာ A.Drew ၏ Money Matters For Young People စာအုပ်ကို မြန်မာပြန်ဆိုထားခြင်း ဖြစ်သည်။

လူငယ်များအတွက် ငွေ၏တန်ဖိုးနှင့် ငွေကို မည်သို့ အကျိုးရှိရှိ သုံးစွဲသင့်ကြောင်း၊ ငွေကို အလွယ်တကူ ရှာဖွေ၍ရခြင်း မဟုတ်သည့်အတွက် စွဲမြဲအောင် မည်သို့ စုဆောင်းသင့်ကြောင်း၊ ငွေကို မိမိက တန်ဖိုးထားလျှင် မိမိကိုယ်လည်း ငွေက ပြန်လည်တန်ဖိုးထားမည်ဖြစ်ကြောင်း၊ ငွေရေးကြေးရေးသည် လူငယ်တို့အတွက် မဖြစ်မနေလိုအပ်သည့် အရာဖြစ်ကြောင်း၊ လူငယ်များနှင့် ပတ်သက်၍ လေ့လာဖတ်ရှုရမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပညာပန်းအလှ

* လှမ်းတယ်ကွဲ့ လှမ်းတယ် ။
ကျောင်းဖွင့်ရာသီရယ်မို့
ကျောင်းတော်သို့ လှမ်းတယ် ။
အဖြူ အစိမ်း ကျောင်းဝတ်စုံနဲ့
ကျောင်းသားဂုဏ်တစ်မျိုးထူးတယ် ။
နေခြည်မှာ ရွှေရည်လောင်းတော့
ပန်းဥယျာဉ် ပန်းရောင်စုံခင်း ။
အတန်းဘာသာ လေ့လာသင်တော့
စိတ်ဘဝင် သုတအလင်း ။
* ဖတ်တယ်ကွဲ့ ဖတ်တယ် ။
သုတစုံလင် သုတတန်ဖိုးကို
တိုးပွားဖို့ ဖတ်တယ် ။
တစ်နေ့တာ သင်ယူဖွယ်
စိတ်ဘဝင် ကြည်နူး
တစ်နှစ်တာ စာမေးပွဲမယ်
အောင်ပန်းဆွတ်ခူး ။
* ရေးမယ်ကွဲ့ ရေးမယ် ။
ဘာသာစုံ သုတတွေကို
ရေးမှတ်ကြမယ် ။
ဘဝဝယ် အတန်းအောင်မှ
မျက်နှာပန်း လှကြ ။
အတန်းဘာသာ သုတရယ်နှင့်
ဘဝဝယ် အသုံးချမှ
ပညာပန်းအလှ ။ ။

မြတ်ထေရ်ကျော်

## အိမ်ခြံမြေအကျိုးဆောင်များအတွက် AML/CFT ဥပဒေဆိုင်ရာ အသိပညာပေးသင်တန်း ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၆**

ပုသိမ်ကြီးမြို့နယ် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများအသင်းမှ ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး(AML/CFT) ဥပဒေဆိုင်ရာ အသိပညာပေးသင်တန်းကို စက်တင်ဘာ ၅ ရက်က ပုသိမ်ကြီးမြို့နယ်ရှိ မေတ္တာစံအိမ်ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အောင်မြေသာစံခရိုင် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူများအသင်းဥက္ကဋ္ဌ ဦးကြည်စိုးနှင့် ပုသိမ်ကြီးမြို့နယ် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူများအသင်းဥက္ကဋ္ဌ ဦးမင်းသန့်တို့က အသီးသီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခရိုင်မှူးက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကိုလည်းကောင်း၊တရားလွှတ်တော်ရှေ့နေတစ်ဦးက အိမ်ခြံမြေအကျိုးဆောင်များနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာ အသိပညာများကိုလည်းကောင်း အသီးသီးပို့ချဆွေးနွေးခဲ့ပြီး စပွန်ဆာကုမ္ပဏီများကို ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၈)





## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့ အခမဲ့ကွင်းဆင်းကုသပေး

**မန္တလေး စက်တင်ဘာ ၆**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ ၄၂လမ်းနှင့် ၄၃ လမ်းကြားရှိ ပေါ်တော်မူဘုရားငါးဆူဇိမာန်တွင် ရပ်ကွက်ပြည်သူများအား အခမဲ့ကွင်းဆင်းကုသပေးလျက်ရှိသည်။

ထိုသို့ ဆေးကုသပေးရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဝင်း ဦးစီး၍ အထွေထွေရောဂါကုပါရဂူကြီး ခြောက်ဦး၊ သူနာပြုအရာရှိခုနစ်ဦး၊ ဆေးမှူးနှစ်ဦး၊ အကူနှစ်ဦး၊ စုစုပေါင်း ၁၇ ဦးတို့က သံလျက်မော်အနောက်ရပ်ကွက်အတွင်းမှ အထွေထွေရောဂါကုသမှုခံယူသူ စုစုပေါင်း ၂၂၃ ဦးတို့အား လိုအပ်သည့် ဆေးဝါးကုသမှုများကို စစ်ဆေးကုသပေးခဲ့သည်။



အဆိုပါ ဆေးကုသမှုပြုလုပ်ရာသို့ မဟာအောင်မြေမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးစိုးထွန်းက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းထွန်းရှိန်နှင့် ရပ်မိ၊ ရပ်ဖများကလိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၁)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၃၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်ဖြူစင်သန့်၊ ဦးအောင်ဘုန်းတင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်(စီ)(၄)ထပ် အဆောက်အဦး၊ ရေ+မီး (ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ရှိလက်ရောက်ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူများဟု အဆိုပြုသူများဖြစ်ကြသော (၁) ဒေါ်ဖြူစင်သန့်(ဘ)ဦးညီညီလွင်(၉/မဟမ(နိုင်)၀၄၂၉၇၀)၊ (၂) ဦးအောင်ဘုန်းတင့်(ဘ)ဦးညီညီလွင်(၉/မဟမ(နိုင်)၀၇၃၆၀၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်အိအိနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၇၅လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၁၁၈၆၄၁၊ ၀၉-၇၉၆၅၀၃၇၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၅)၊ ဦးပိုင်အမှတ်(၁၁၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းခမ်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကျောက်ပြားကာ(၁)ထပ် အဆောက်အဦ အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ရှိလက်ရောက်ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်နန်းခမ်း(ဘ)ဦးဇော်ဂမ်(၁၃/လရန(နိုင်)၀၉၁၆၅၂) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၇၅လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၁၁၈၆၄၁၊ ၀၉-၇၉၆၅၀၃၇၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၇)၊ ဦးပိုင်နံပါတ်(၂၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးထွန်းကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခင်မောင်ထွေး(ဘ)ဦးခင်(၉/မနမ(နိုင်)၀၂၅၅၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၀)၊ ဦးပိုင်နံပါတ်(၃၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်မြကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မိုးဂျူးဂျူး(ဘ)ဦးမြင့်(၅/ကဘလ(နိုင်)၂၁၀၀၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၉၁လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားနေ ဒေါ်စင်မာနွယ်(ဘ)ဦးမောင်စိုး(၉/ခအဇ(နိုင်)၀၀၃၂၂၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်စင်မာနွယ်** သည် ပူးတွဲဖော်ပြပါ **Jessica 7** ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်**(၁၄၆၁/ ၂၀၂၆)**အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **Jessica 7** အမည်ဖြင့် **သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း** လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက် အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **Jessica 7** အမှတ်တံဆိပ်ဖြင့် **သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း** သည် **ဒေါ်စင်မာနွယ်** ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက **ဒေါ်စင်မာနွယ်** ၏ လုပ်ငန်းအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာ ဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာ/အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၉)၊ တိုက်အမှတ် (၆)၊ (၄)ခန်းတွဲ(၆)ထပ်၊ တတိယထပ်၏ အခန်းအမှတ်(၁၄)တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိက ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးမိုးအောင်(အဘ)ဦးမောင်မောင်လေး(၉/ခမစ(နိုင်)၀၄၄၃၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးခိုင် (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(ဆ-၇ / ၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၀)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးအေးမောင်(ဘ)ဦးသာအေး(EMLY-၂၅၇၃၂၀) အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ မြောက်ဘက်အစွန်ဆုံးခြမ်း ဧရိယာ(၄၅×၁၅)ပေ အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဖြိုးဝေယံ(ဘ)ဦးအောင်လင်း (၉/ပကခ(နိုင်)၀၆၃၆၅၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သီတာနိုင်(LL.B, D.B.L)**
**အထက်တန်းရှေ့နေ**
**အကွက်အမှတ်(ညည-၄၆/၁၄)၊ ၅၅လမ်း၊**
**မင်းကြီးရန်နောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြား၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၅၁၇၆၆၁၄၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခခ-၁၁)၊ ဦးပိုင်အမှတ်(၆၅-က)၊ ဦးဘိုးလမ်း အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း၊ ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၂)ထပ် အဆောက်အဦး၊ (ရေ+မီး)အစုံ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးဘိုးလမ်း(ဘ)ဦးယောင်း(CHLL-၀၅၃၉၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ ဦးချစ်ကို၏ လွှဲအပ်ချက်အရ-**
**ဒေါ်သီတာမိုး(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၆/၇၆)၊ အောင်ပင်လယ်ရပ်ကွက်၊**
**ချမ်းမြသာစည်ရပ်ကွက်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၈၀၅၃၉၆၀၀၊ ၀၉-၄၂၂၆၁၈၀၃၂**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် အာမခံအလုပ်သမားလူနာများအတွက် Ultrasound စက်အသစ် တပ်ဆင်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

မန္တလေး စက်တင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး(မန္တလေး)၌ အာမခံအလုပ်သမားလူနာများအတွက် Ultrasound စက်အသစ်တပ်ဆင်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆေးရုံကုသဆောင်များတွင် ဆေးရုံတက်ရောက်နေသော အာမခံအလုပ်သမားလူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှု၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးနေမှုနှင့် ကျောက်ကပ်သွေးသန့်စင်ဌာနတွင် လူနာများအား ကျောက်ကပ်သွေးသန့်စင်ပေးနေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ထောက်ပံ့လှူဒါန်း၍ ဆေးရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ကလည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကင်မရာမှန်ဘီလူးစက်ရုံ Burst Transmission Co., Ltd သို့ သွားရောက်၍ စက်ရုံမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စက်ရုံရှိ အကျုံးဝင်အာမခံအလုပ်သမားများကို အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်များက ရွေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် လိုအပ်သောဆေးဝါးကုသမှုပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ECG စက်ဖြင့် နှလုံးစစ်ဆေးပေးခြင်းတို့ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ လူမှုဖူလုံရေးအဖွဲ့ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ပြင်ဦးလွင်) ၌ ဆေးခန်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှု၊ ဆေးစတိုတွင် ဆေးဝါးများထိန်းသိမ်းထားရှိမှု၊ ဆေးပစ္စည်းကိရိယာများနှင့် ဆေးဝါးများရရှိသုံးစွဲမှုနှင့် အာမခံအလုပ်သမားလူနာများ ဆေးဝါးပြတ်လပ်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



မန္တလေးတိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၂၇၂၇၆ ဦးရှိပြီး အဆိုပါအာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလုပ်သမားဆေးရုံကြီး (မန္တလေး)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်းခြောက်ခု၊ ဌာနကြီးဆေးခန်းငါးခု၊ စာချုပ်ဆေးခန်းခြောက်ခုတို့ ဖွင့်လှစ်၍ ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ခြင်းနှင့် အာမခံအလုပ်သမားများ စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုးကုန်ကျငွေများအတွက် ဆေးဖိုးပြန်လည်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ၂၀၂၆ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ဆေးဖိုးကုန်ကျငွေ ကျပ်သန်းပေါင်း ၁၀၅ ဒသမ ၃၃၇ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာအသင်း မော်လ်ဒိုက်အသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူ

ရန်ကုန် စက်တင်ဘာ ၆

၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase အုပ်စု(K) နောက်ဆုံး ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက မော်လ်ဒိုက်အသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် မြန်မာအသင်းသည် မော်လ်ဒိုက်အသင်းဘက်သို့ ဆက်တိုက်ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် သွင်းဂိုး ခြောက်ဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် စိုင်းဘိုဘိုကျော်၊ ပွဲချိန် ၂၁ မိနစ်နှင့် ၅၂ မိနစ်တို့တွင် သူရမင်းသန့်၊ ပွဲချိန် ၅၆ မိနစ်တွင် ကြယ်ရောင်မင်းလေး၊ ပွဲချိန် မိနစ် ၇၀ တွင် ကောင်းခန့်ကျော်၊ ပွဲချိန် ၈၅ မိနစ်တွင် စွမ်းဇာနည်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase အုပ်စု(K) တွင် သုံးပွဲကစား၊ သုံးပွဲနိုင်၊ သွင်းဂိုး ၁၇ ဂိုး၊ ပေးဂိုးမရှိ ရလဒ်ဖြင့် အုပ်စုပထမနေရာမှ AFC U20 Asian Cup Qualifiers 2029 ခြေစစ်ပွဲများသို့ တက်ရောက်ကစားခွင့်ရရှိနိုင်ခဲ့သည်။

နိုင်ကမ္ဘာ

၀-၀-၀-၀-၀

**ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါ ရှိသည်။**

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမရွှေတံဆိပ် ဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၆

မြန်မာ့ ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

စာမျက်နှာ ၁၃ သို့ ★



## မိုးစပါးစိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိ

မင်းဘူး စက်တင်ဘာ ၆

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)အောက်ရှိ အိုင်းမရေလွှဲဆည်နှင့် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်မှ ဆည်ရေဖြင့် ဒေသခံတောင်သူများ၏ မိုးစပါး ဧကပေါင်း ၃၄၀၀၀ ကျော်အတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ ခရိုင်နှင့်မြို့နယ် တာဝန်ခံ အရာရှိများက အနီးကပ်ကြီးကြပ်၍ အိုင်းမရေလွှဲဆည်မှ မြောက်မန်းမြောင်းစုနယ်မြေနှင့် တောင်မန်းမြောင်းစုနယ်မြေတွင် မိုးစပါး ၂၉၈၁၅ ဧကနှင့် မဲဇလီရေလွှဲဆည်မှ တောင်မုန်းမြောင်းစုနယ်မြေတွင် မိုးစပါး ဧက ၄၄၁၀ လျာထားစိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေများကို ဇွန် ၁၅ ရက်မှ စတင်၍ ဖြန့်ဝေပေးလျက်ရှိကြောင်း အဆိုပါဆည်ရေသောက်ဧရိယာများတွင် ဒေသခံတောင်သူများက ဆင်းသုခ၊ မနောသုခ၊ ဧရာမင်း၊ ရတနာတိုး စသည့်စပါးမျိုးများကို အများဆုံး စိုက်ပျိုးထားသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် စိုက်ပျိုးရာသီတွင် အိုင်းမရေလွှဲဆည်နှင့် မဲဇလီရေလွှဲဆည်မှ ယခုနှစ် မိုးစပါးကို ဧကပေါင်း ၃၄၂၂၅ ဧကအထိ စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ အိုင်းမရေလွှဲဆည်ရေသောက်စနစ်တွင် မိုးစပါး ဧက ၂၉၀၀၀ နှင့် မဲဇလီရေလွှဲဆည်ရေသောက်စနစ်တွင် မိုးစပါး ဧက ၄၄၀၀ စုစုပေါင်း မိုးစပါး ဧက ၃၃၄၀၀ ခန့် စိုက်ပျိုးပြီးဖြစ်၍ အဆိုပါစပါးစိုက်တောင်သူများအတွက် မိုးစပါးစိုက်ပျိုးချိန်ကာလအတွင်း စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



